
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - ကိုဆန်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၂၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆ဂ၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။

အတွင်းပလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းငွေ

ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇွန်လ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၆၀၀ ကျပ်

ပြည့်ပိုင်မှူးအိမ်
မိန်းမ. . . ယူမယ်/ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) မိန်းမ. . . ယူမယ်


www.burmeseclassic.com

www.burmeseclassic.com



There are no substitute for talent industry and all the virtues are of no avail.

ပါရမီရှိရမယ့်နေရာမှာ တခြားဟာနဲ့ အစားထိုးလို့မရဘူး။ ကြိုးစားတာ၊ ရိုးသားနိုးကြားတာတွေ ဘယ်လောက်ပဲရှိနေပါစေ အလုပ်မဖြစ်ဘူး။

***Aldus Huxley***

× × × ×

www.burmeseclassic.com

www.burmeseclassic.com

# ၆

BURMESE CLASSIC

"မင်း မိန်းမ မယူသေးဘူးလား"

ဆိုင်းမဆင့် ဗုံမဆင့်ပင် ဖခင်ဖြစ်သူက သူ့ကို ခပ်ငေါက်ငေါက်ဆိုသည်။ ပင်စင်ယူပြီးသည်နှင့် မြေးထိန်းချင်သည်ဟူသော ဖေဖေ့ဆန္ဒကို သူက အခုထိ ဖြည့်ဆည်းမပေးနိုင်သေး။

"အချိန်တန်ရင်တော့ ယူမှာပေါ့ဗျာ၊ ဖေဖေကလည်း ငွတ်"

သူခေါင်းကုတ်ရင်း ဆိုဖြစ်သည်။

"ဟကောင်. . . အချိန်က တန်ရုံတင်မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တိုဘက်ကိုတောင် ရောက်နေပြီ၊ တကယ်ဆိုရင် ဖေဖေ ပင်စင်ယူဖို့တာ တစ်နှစ်တောင်မလိုတော့ဘူး၊ အခုထိ မင်းမှာ မိန်းမယူဖို့မပြောနဲ့ ရည်းစားတောင် ဖြစ်မြောက်အောင်မထားနိုင်ဘူး၊ ဖေဖေ လူပျိုတုန်းကဆိုရင်လေ ရည်းစားကို ဟောတစ်ယောက်၊ ဟောတစ်ယောက်. . . အဲ. . . ”

ဖေဖေက စကားကို စိတ်လိုလက်ရပြောနေရာမှ သတင်းစာဖတ်ရင်း မျက်လုံးလှန်ကြည့်သော မေမေ့အကြည့်ကြောင့် 'အဲ' ဟုဆိုရင်း ပြောလက်စ စကားတို့ ရပ်ကာသွား၏။

“အဲ. . ဟောတစ်ယောက် ဟောတစ်ယောက်ထားနိုင်ပေမယ့် မင်းအမေတစ်ယောက်တည်းကိုပဲ ထားခဲ့တာကွ”

စကားကို အဖျားရှူးအောင် လျှောချကာသွားသော ဖေဖေ့ စကားကြောင့် သူ ရယ်ချင်သွားရသော်လည်း မရယ်ရဲ။

မေမေကတော့ သတင်းစာကိုကွယ်ရင်း တစ်ချက်ပြုံးသည်။ ပြီး သတင်းစာကိုချကာ သားအဖနှစ်ယောက် ပြောချင်တာပြောပါစေဟူသော သဘောဖြင့် ရှောင်ထွက်ကာသွားသည်။

ဧည့်ခန်းထဲတွင် သူနှင့်ဖေဖေသာ ကျန်ခဲ့သည်။

“မင်းအမေ မရှိတော့လို့ ပြောတာတော့မဟုတ်ဘူး၊ ဖေဖေ့မှာ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတဲ့အထဲကနေပြီးတော့ မင်းအမေ



www.burmeseclassic.com

www.burmeseclassic.com



က ကံကောင်းထောက်မစွာနဲ့ ဖေဖေ့ကိုရလိုက်တာ၊ တကယ်တမ်းကျတော့ ဖေဖေ့ဘေးမှာက မင်းအမေထက် ချောတာတွေက တစ်ပုံကြီး"

"အဟမ်း. . . အဟမ်း"

ဖေဖေ့စကားအဆုံးမှာ မီးဖိုခန်းဘက်မှ ချောင်းဟန့်လာသော မေမေ့ ချောင်းဟန့်သံကြောင့် ဖေဖေက မျက်နှာတစ်ချက်ပျက်သွားရင်း စကားကိုဆက်သည်။

"ဘယ်သူတွေ ဘယ်လောက်ပဲချောချော မိန်းမဆိုတာ ချောနေရုံ လှနေရုံနဲ့ မပြီးဘူးလေ၊ မင်းရဲ့မေမေလို ဘက်စုံတော်တဲ့မိန်းမမျိုးကျတော့ ရှာမှရှား မဟုတ်လား. . . အဟမ်း"

အရေးထဲ ကြော်ငြာကဖြတ်ဝင်နေသေးသည်မို့ သူ တစ်ချက်ပြုံးဖြစ်သည်။ ဖေဖေက မေမေကြားအောင် အသံကိုမြှင့်ကာပြောရင်း ချောင်းကိုဟန့်သည်။ ပြီး စကားကိုဆက်ပြန်သည်။

"အဲဒါနဲ့ပဲ လိုရင်းက ပျောက်တော့မယ်၊ မင်းမေမေရဲ့ ကောင်းကြောင်းတွေ ဆက်ပြောနေရင်တော့ ပြောမဆုံးပေါင် တောသုံးထောင်ပေါ့ကွာ၊ ဒီတော့ မင်းမိန်းမယူဖို့ကိုပဲ ဦးတည်ပြီး ပြောရတော့မှာပဲ"

"သား ပြောပြီးပြီလေ ဖေဖေကလည်း၊ သား သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက် မိန်းမယူမှာ၊ မယူဘူးလို့မပြောဘူး၊ လူပျိုကြီးလုပ်ဖို့ အစီအစဉ်ကလည်း လုံးဝ လုံးဝ မရှိဘူး၊ ဒါပေမဲ့ လောလောဆယ်သားရဲ့ရည်းစားနဲ့ ပြတ်သွားလို့ အာရုံနောက်နေပါတယ်ဆိုမှပဲဗျာ"

သူ ခေါင်းကိုကုတ်ရင်း ဆိုဖြစ်သည်။

"အေး. . . ရည်းစားနဲ့ပြတ်တာ ဆန်းလား၊ ဖေဖေတို့တုန်းကလည်း. . ."

ဖေဖေက စကားကိုမဆက်သေးဘဲ မေမေ့အရိပ်အခြည်ကို အကဲခတ်သည်။ ပြီး အသံကိုနှိမ့်ကာ. . .

"ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ပြတ်ခဲ့တာပဲ"

ဟုဆိုသည်။

"အေး. . . ဖေဖေတို့ခေတ်တုန်းကတော့ ဝမ်းဂိုးရင် တူးကမ်းပဲ"

ဖေဖေ့အသံက ပြန်၍မြှင့်လာပြန်သည်။

"မင်းတို့ခေတ်က အင်တာနက်ခေတ်၊ ဝမ်းဂိုးရင် Ten come ဖြစ်ရမှာ၊ ငါ့သားရာ အသည်းကွဲသလိုလို ရင်ကွဲနာကျသလိုလိုတော့ ဖေဖေ့ရှေ့မှာ လာမလုပ်နဲ့နော်၊ ဆောင့်ကန်ခံရမယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းမကွဲပါဘူး ဖေဖေရာ၊ ဒီလိုပါပဲ မချစ်ရင်လစ်၊ သွားကတော့ အေးဆေးပဲ"

"အေး. . . ဒါမှ ငါ့သား၊ ထားပစ်လိုက်စမ်းပါကွာ၊ ရည်းစားတွေကို ဟောတစ်ယောက် ဟောတစ်ယောက်"

"ကိုသန့်မောင်"

"ဟေ"

မီးဖိုခန်းမှထွက်လာသော မေမေ့အခေါ်ကို ဖေဖေက 'ဟေ'ဟု ထူးသည်။

"ကလေးကို မဟုတ်တာတွေ မသင်စမ်းပါနဲ့၊ ဒီမှာ သား"

"ဟုတ်ကဲ့ မေမေ"

"ရည်းစားကို မထားခင်ကတည်းက လေ့လာစဉ်းစားပြီးမှထား၊ တစ်ဦးတည်းသောသားမို့ အစ်မ၊ ညီမ မရှိပေမယ့် လည်း ကိုယ်ချင်းစာစိတ်ထားရမယ်၊ ယောကျ်ားဆိုတာ တည်ကြည်ရတယ်၊ လစ်ရင်လစ်သလို မလစ်ရင်မလစ်သလို မပြောင်းလဲရဘူး၊ ရည်းစား ဘယ်နှယောက်ထားထား ကိစ္စမရှိပေမယ့် သူများသားသမီးကို တန်ဖိုးထားရမယ်၊ ကြားလား"

"ဟုတ်"

သူ မေမေ့စကားကို 'ဟုတ်' ဟုဆိုဖြစ်သည်။ လစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



လစ်သလို မလစ်ရင်မလစ်သလို' ဟူသော စကားကို ဆိုနေချိန်မှာ မေမေက ဖေဖေ့ကိုကြည့်ရင်းဆိုသည်။ ဖေဖေကတော့ မျက်နှာကြက်ကိုပဲ မော့ကြည့်သလိုလိုဖြင့် သူ မကြားသလိုလုပ်သည်။

"အခု သားရည်းစားမထားခင်စပ်ကြားမှာ မေမေ့မိတ်ဆွေရဲ့သမီးနဲ့ တွေ့ကြည့်စမ်းပါ၊ မေမေက ခေတ်ရှင်တွေထဲကလို ဘုတ်အုပ်တွေထဲကလို မင်းတို့မမွေးခင်ကတည်းက ကြိုစီစဉ်ထားတာမဟုတ်ပေမယ့် ဟိုတစ်လောကမှ စကားစပ်မိလို့ ပြောဖြစ်ရင်းက သားသမီးချင်းတွေ့ဖြစ်ဖို့ ပြောဖြစ်ကြတာ"

"အဲဒီတစ်ယောက်က လန်းလား မေမေ"

"ဖေဖေ လေ့လာပေးရမလား"

"ရှင်နော်"

'လန်းလား' ဟူသော သူ့စကားအဆုံးမှာ ဖေဖေက ရယ်ကျဲကျဲဖြင့် ဆိုသည်မို့ မေမေက 'ရှင်နော်' ဟု ဟန့်သည်။

"နောက်တာပါကွ"

ဖေဖေက စကားကို ပြန်လျှော့ချသည်။

"အဲဒါ သန်ဘက်ခါ အိမ်မှာထမင်းစားဖိတ်ထားတယ်၊ လန်း မလန်းဆိုတာ လေ့လာကြည့်၊ မင်းတို့ချင်းအဆင်ပြေရင် မိဘတွေက ဘာမှပြောစရာမရှိဘူး၊ အေး. . . ခေတ်ရှင်တွေထဲက



www.burmeseclassic.com

www.burmeseclassic.com



လိုတော့ အတင်းကြီးပေးစားဖို့ အစီအစဉ်မရှိဘူး"

"ခါတ်ရှင်တွေထဲကလို နှစ်ဖက်စလုံးက မိဘတွေမှာ နှလုံးရောဂါ၊ သွေးကင်ဆာ၊ ဘာဘာညာညာ ဘာမှမရှိဘူးနော်၊ ဘာကိုမှအကြောင်းပြပြီး မပေးစားဘူး၊ သာသာယာယာပဲ"

မေမေ့စကားအဆုံးမှာ ဖေဖေက ဝင်၍ဆိုသည်။

"တွေ့ကြည့်လိုက်တာပေါ့ မေမေရာ"

သူ အံကြိတ်ကာပင် ဆိုဖြစ်သည်။ ဖေဖေကတော့

"အေး. . . ဖေဖေတို့ကျတော့လည်း မိန်းမယူဖို့ကို ကိုယ့်ပါရမီနဲ့ကိုယ် ဖြစ်ခဲ့တာကွ၊ မိဘက ဘာမှမကူညီခဲ့ရဘူး၊ အေးပေါ့လေ အဲဒါကြောင့်လည်း Aldus Huxeley က ပါရမီရှိရမယ့် နေရာမှာ တခြားဟာနဲ့ အစားထိုးလို့မရဘူး၊ ကြိုးစားတာ ရိုးသားနိုးကြားတာတွေ ဘယ်လောက်ပဲရှိနေနေ အလုပ်မဖြစ်ဘူးလို့ ဆိုတာကိုး" ဟု မှတ်ချက်ပြု၏။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



Ugly wives and stupid mainds are priceless treasures.

ရုပ်ဆိုးသော ဇနီးများနှင့် ထုံအသော မိန်းမပျိုများသည် တန်ဖိုး မဖြတ်နိုင်သော ရတနာများဖြစ်ကြ၏။

***Chinese Proverb***

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## ၁၄ ပြေးဖိုင်နှင့်ဘော်

"ငါ့အမေစိစဉ်ထားတဲ့သူက ရုပ်ဆိုးဆိုးကြီးဖြစ်နေရင်တော့ ကွိုင်ပဲကွာ"

သူ ခေါင်းကိုကုတ်ရင်း ဆိုဖြစ်သည်။

"ရဲရင့်ခေတ်သစ်ရယ် ရုပ်ဆိုးရင် ကောင်းတာပေါ့ဟ"

သူ့ကို သူငယ်ချင်း သူဇာဝင်းက အရယ်တစ်ဝက်ဖြင့်ဆိုသည်။

"အေးလေ. . . တရုတ်စကားပုံတစ်ခုမှာ ရုပ်ဆိုးသော ဇနီးများနှင့် ထုံအသော မိန်းမပျိုများသည် တန်ဖိုးမဖြတ်နိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ရတနာများဖြစ်ကြ၏လို့ ဆိုထားတယ်၊ ရုပ်ဆိုးဆိုးကြီးဆိုတော့လည်း တန်ဖိုးကြီးကြီးလို့ပဲ ယူဆပြီး ချစ်ပစ်လိုက်ပေါ့ကွာ၊ အဟီး"

အာကာက တခွီးခွီးရယ်ရင်း အရောက်ပို့သည်။

"မင်းကျမှ ရုပ်ဆိုးတဲ့မိန်းမကိုယူ၊ ငါကတော့ ရုပ်ပါအလန်းစားနဲ့ စိတ်ဓာတ်အလန်းစားမှ ယူမှာ"

သူ လက်မထောင်ကာ ခပ်ကြွားကြွားပင်ဆိုဖြစ်သည်။

"အာကာပြောတဲ့ တရုတ်စကားပုံက သူဇာဝင်းအတွက်ကျ မမှန်ဘူးလို့ဆိုရမယ်"

ယုယမာလာက သူဇာ့ကို လှမ်းကြည့်၍ဆိုသည်။

"ဘာမှားတာလဲ"

သူဇာဝင်းက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်းဆို၏။

"ဟဲ့. . . ရုပ်ဆိုးဆိုးနဲ့ ထုံအအ မိန်းမပျိုတွေက တန်ဖိုးမဖြတ်နိုင်ဘူးဆိုပြီး နင်က အခုထိ မစွံသေးဘူးလေ၊ ခွိး. . ."

"အောင်မာမာ. . . ငါ့ကိုများ ရုပ်ဆိုးတယ်လို့ပြောတာပေါ့လေ၊ ဟဲ့. . . ငါက မရတာမဟုတ်ဘူး၊ မယူတာ၊ ငါ့ကိုမှမရရင်အဆိပ်သောက်သေမယ်ဆိုတဲ့လူတွေ တစ်သိန်းလောက်ရှိတယ်တဲ့ မှတ်ထား"

www.burmeseclassic.com

www.burmeseclassic.com

## ၁၆

ယုယ၏စကားကို သူဇာက ပက်ခနဲ တုံ့ပြန်၏။

"သူငယ်ချင်း တစ်သိန်းလောက်တော့ မလုပ်နဲ့လေ၊ များနေပြီထင်တယ်၊ နည်းနည်းလျှော့ပါလား"

သူ ရယ်ကျဲကျဲဖြင့် ဆိုဖြစ်သည်။

"အေးလေ၊ တစ်ယောက်အကြောင်း တစ်ယောက်လည်း သိနေကြတာဆိုတော့"

အာကာကပါ ဝင်၍ ပြောင်ချော်ချော်ဆိုသည်။

"အောင်မယ်မယ်. . . ဒီမှာ ဒီကနေ့နံနက် ၆ နာရီ အချိန်ထိ ကောက်ယူရရှိတဲ့ စာရင်းဇယားများအရ တစ်သိန်းကို အကျော်ဘက်မှာပဲရှိတယ်၊ ကြွားသလိုဖြစ်နေမှာစိုးလို့ လျှော့ပြောထားတာ"

သူဇာက မျက်နှာကိုမော့ရင်း ခပ်တင်းတင်းပင်ဆိုသည်။

"ဒီရုပ်ကြီးနဲ့. . . ဒီအရုပ်အမောင်းနဲ့"

အာကာက ခွီးခနဲရယ်ရင်းဆို၏။ သူဇာက အတော်လေး အရုပ်ပုသည်ကိုး။

"ဟုတ်တယ်၊ ဒီမှာ ငါ့လောက်ရုပ်ချောတာ ငါပဲရှိတယ်၊ နင်တို့လာပြီး မတိုက်ခိုက်ကြနဲ့၊ ငါ့ကုသိုလ်ကံနဲ့ငါ လှချင်တိုင်း လှနေတာ အပြစ်လား၊ လူတွေကလည်း ခက်ပါတယ်၊ သစ်ပင် မြင့်တာနဲ့ လေတိုက်ချင်ကြတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရပ်က တစ်ထောင့်ထွာလောက်ရှိတာကို သစ်ပင်မြင့်က ဖြစ်ချင်သေးတယ်၊ အံ့ဩပါ့"

ယုယက ပြောင်ချော်ချော်ဖြင့် နှိပ်ကွပ်သည်။

"ပုလို့ နုတာပဲရှိတယ်၊ ရှည်လို့နုလို့ဆိုတာ မကြားဖူးဘူး၊ ငါက ပုပုရွရွ လှလှပပလေးမို့လို့ ဂင်းနစ်မှတ်တမ်းစာအုပ်မှာ ထည့်ချင်နေတာကိုတောင် အပြတ်ငြင်းလိုက်တာ၊ လက်ရှိ မယ်တမ္ဘာတွေ မယ်စကြဝဠာတွေကို သနားလို့၊ အဟက် . . ."

သူဇာက ပုသလောက် လေကြီးလေကျယ်ဆိုသည်။

"မြန်မာနိုင်ငံက မင်းသမီးတွေတောင် သူဇာ မင်းသမီး မလုပ်ချင်လို့ မင်းသမီးဖြစ်နေကြတာ"

သူပါ ရောယောင်ပြီး သူဇာ့ကို အချွန်ဖြင့် မ,ဖြစ်သည်။

"ဒါပေါ့၊ မြန်မာနိုင်ငံက မင်းသမီး မပြောနဲ့၊ ကိုးရီးယား၊ ဟောင်ကောင်၊ ဂျပန်၊ အို . . . အာရှက မင်းသမီးတွေကိုသနားလို့ သူဇာတို့က မင်းသမီးမလုပ်တာ၊ ကိုယ်က မင်းသမီးထလုပ်လိုက်ရင် သူတို့အတွက်နေရာမရှိလို့ ဘဝပျက်ကုန် . . မှာ . . ပေါ့၊ ဟောလိဝုဒ်တို့ ဘောလီးဝုဒ်တို့က မင်းသမီးတွေဆိုရင်လေ တန်ထရိုက်တိုက်တွေမှာ မဆလာရွက်တဲ့ နေ့စားဘဝတွေတောင် ရောက်သွားဦးမယ်၊ ဟင်းရွက်ကန်စွန်း ရောင်းသ(ည်)ကရောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွေမှာ အဝတ်လျှော် ထမင်းချက် လိုက်လုပ်သူကလုပ်နဲ့ ဘဝတွေစုံကုန်မှာပေါ့၊ သူတို့လေးတွေကိုသနားလို့ သူဇာက ငြိမ်နေပေးတာ၊ ဟွန်း”

သူဇာက အားရပါးရပင် ရှည်လျားစွာဆိုသည်။

“လူပုတော့ စွာကျယ်၊ ခွေးပုတော့ ရွှာလည်တဲ့၊ နင်တော်တော်လေး ရွှာလည်တာပဲ”

“ဘာပြောတယ်၊ နင်ပြောပုံက ငါက ဘာဖြစ်သွားပြီလဲ”

အာကာ၏ ရွှတ်နောက်နောက်စကားကို သူဇာက ပတ်ခနဲ ဆိုသည်။

“ခွေးဖြစ်သွားတာပေါ့၊ မခံနဲ့”

ယုယက မီးလောင်ရာ လေပင့်၍ဆိုသည်။

“sorry....sorry.... နင်တော်တော်စွာကျယ်တာပဲလို့ ပြောမလို့”

အာကာက စကားကိုပြင်သည်။

“ရပါတယ်၊ သစ်ပင်မြင့်တော့လည်း လေတိုက်တာပေါ့၊ တိုယ့်ထက်နိမ့်ကျတဲ့ လူတွေက ပြောတာဆိုတော့လည်း ကိုယ်က မြင့်မားတဲ့လူပီပီ သည်းခံရမှာပေါ့”

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဒေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကာ သူဇာက ဆိုသည်။ သူဇာ့ကိုကြည့်ရင်း သူတို့သုံးယောက် ရယ်ဖြစ်ကြသည်။ အရပ်တော်တော်ပုသော သူဇာက လေကြီး သည့်နေရာမှာတော့ ဘယ်သူ့မှမယှဉ်နိုင်ကြ။

“အဲဒါနဲ့ပဲ လိုရင်းက ပျောက်တော့မယ်၊ ရဲရင့်ခေတ်သစ် ရဲ့ မိဘတွေက ငါ့မိဘတွေနဲ့များ ကွာပါ့ကွာ”

အာကာက ခေါင်းခါရင်းဆိုသည်။

“ဘာဖြစ်လို့တုန်းကွ”

သူ အာကာ့ကိုမေးဖြစ်သည်။

“မင်းမိဘတွေကျတော့လည်း မိန်းမယူစေချင်ရတာကို များလို့၊ ငါ့မိဘတွေကျတော့လည်း မိန်းမ မယူခင် အိုးပိုင်အိမ်ပိုင် ဖြစ်အောင်လုပ်ဦးဆိုတာကြီးပဲ ပြောနေတာ၊ ဇကတ္တတော့ မိန်းမယူ ပြီးရင် မိဘအိမ်ကဆင်းလို့ ပြောတဲ့အတိုင်းပဲ”

“အံမယ် . . . မိန်းမယူမှာက အသာထား၊ ရည်းစား တောင် မရှိဘဲနဲ့”

သူဇာက အရသာရှိရှိပင် ပက်ခနဲဆိုသည်။

“အဲဒါပြောတာပေါ့၊ Donut က ဘယ်နေမှန်းမသိဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားလို့ ပူပန်နေတယ်”

ယုယက ဝင်၍ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး လုပ်ပါ၊ ဘယ်က Donut တ ပါလာရတာလဲ"

ဟု သူဆိုဖြစ်သည်။

"ဒီခေတ်မှာ Donut ဆိုင်တွေပဲ နေရာတကာရှိတာလေ၊ မုန့်ဆီကြော်က ရှားတယ်လေဟာ၊ ခေတ်နဲ့အညီ စကားပုံတိုဖြင်ရတာ"

ယုယက ခပ်တည်တည်ပင်ဆိုသည်။ အာကာက

"ငါ့မှာ ရည်းစားမရှိဘူးလို့ ဘယ်သူပြောလဲ"

ဟု မကျေမနပ်ပင်ဆို၏။

"ငါပြောတာ နင့်မှာရှိလို့လား" ဟု သူဇာကဆိုသည်။

"မရှိဘူး"

အာကာက အောင့်သက်သက်ဖြင့် 'မရှိဘူး' ဟု ဝန်ခံသည်။ သူတို့အားလုံး ဝါးခနဲ ရယ်ဖြစ်ကြသည်။

× × × ×

www.burmeseclassic.com

ရှေးမယ်ချင်းနှင့်ချောင်းဖြစ်ခဲ့တွေဆိုရင်း မဖြစ်ဖူးတဲ့ လူကြီးတွေ ရှိနေကြသည်။ လူတွေအားလုံးနဲ့ စုံလင်ပြီးဖြစ်လေသည်ဟု ခံယူမ တို့ပြောသည့် ကောင်မလေးက ရောက်မလာခဲ့သေး။ အကြမ်းဖျင်း အားဖြင့်တို့နှင့်မည့်တို့ ဖွဲ့ဆိုအေးပြီး မြို့လား မဲလား ဝင် သူ မသိသေး။ မိဘနှစ်ယောက်စလုံးက ဥပမိရုပ် ကော်င်းကြ သည်မို့ သမီးဖြစ်သူကလည်း အမြဲအမြဲနဲ့ဆိုမည်မဟုတ်မှာ သူတွေး မိသည်။

www.burmeseclassic.com



"ဒါနဲ့ သမီးလေးလည်း ရောက်မလာသေးပါလား၊ နေ့လယ်စာစားချိန်တောင် ရောက်နေပြီ၊ ဖုန်းဆက်ကြည့်ဦးမှပဲ"

သော်တာဖူး၏အဖေက ပြောပြောဆိုဆို ဖုန်းလှမ်းဆက်၏။

"ဘာလဲ သမီး၊ ဩော်. . . ရောက်တော့မယ်လား၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဒီမှာ စောင့်နေရတာ အားနာစရာကြီး၊ ဟုတ်ပြီ. . . ဒါပဲနော် သမီး"

သော်တာဖူး၏အဖေက ပြုံးရင်း ဖုန်းကိုချသည်။

"ရောက်တော့မယ်တဲ့၊ သမီးက ဒီလိုပဲ၊ စာရေးဆရာမ ဆိုတော့"

အားနာဟန်ဖြင့် စကားကို 'ဒီလိုပဲ' ဟုသာဆိုသည်။ တွေ့ရတော့မည်ဟူသောအသိဖြင့် ရင်ခုန်ခြင်းမရှိသော်လည်း မျှော်နေမိသည်ကတော့ အမှန်ပဲဖြစ်သည်။ စာရေးဆရာမ ဆိုပါလားဟု တွေးမိသည်။

"ရောက်တော့မယ်ဆိုရင် ထမင်းတွေခူးထားလိုက်တော့လေ"

ဖေဖေက မေမေ့ကို မေးဆတ်ပြရင်း ဆိုသည်။

"ကျွိ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အိမ်ရှေ့မှာ ကားရပ်သံကြားသည်။

"ကဲ . . . မောင်ရဲရင့်ရေ သားပဲ သွားကြိုလိုက်တော့"

ဒေါ်တာဖူး၏ ဖခင်က သူ့ကိုကြည့်ရင်းဆိုသည်မို့ သူ ထတ်ကဲ့ဟုဆိုရင်း အိမ်ရှေ့ထွက်ခဲ့ဖြစ်သည်။

ကားပေါ်မှဆင်းလာသူက ခပ်လန်းလန်းထဲကဖြစ်သည်။ သို့သော် ပုလင်းဖင်လောက်ထူသော မျက်မှန်ကြီးကြောင့် လန်းချင်သလောက် မလန်းဘဲဖြစ်ကာနေသည်။

"ဒေါ်တာဖူး ထင်တယ်"

"ဟုတ်ပါတယ်"

"ဩော် . . . အိမ်ထဲမှာ ထမင်းစားကြဖို့ ပြင်နေကြပြီ"

"ဟုတ်လား၊ sorry နော်၊ နောက်ကျသွားတယ်ထင် တယ်"

"ရပါတယ်၊ လာပါ"

သူ ရှေ့မှဦးဆောင်ရင်း ထမင်းစားခန်းဆီလာဖြစ်သည်။ နှုတ်နှာရော ကိုယ်လုံးကိုယ်ပေါက်ရော အသက်အရွယ်ရော အမှတ်ပြည့်မဟုတ်သော်လည်း အောင်မှတ်တော့ရသည်။ ခက်နေ သည်က မျက်မှန်အထူကြီးပဲဖြစ်၏။

"အင်း . . . မျက်မှန်က ပြဿနာတော့လည်း မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com

ဘူးလေ

"သူ စိတ်ထဲကနေ ဆိုဖြစ်သည်။

"ဟော့. . . သမီးရောက်ပြီ၊ လာ သမီး တစ်ခါတည်း ဝင်ထိုင်လိုက်"

"ဟုတ်ကဲ့"

မေမေက သော်တာဖူးကို ဖော်ဖော်ရွှေရွှေပင် ဆိုသည်။ သူမက ဟုတ်ကဲ့ဟုဆိုရင်း ဝင်၍ထိုင်သည်။

"ထည့်စားနော်၊ အားမနာနဲ့"

ဖေဖေက ပြောပြောဆိုဆိုပင် ဟင်းများကို ညှိသည် များ၏ ပန်းကန်ထဲ ထည့်၍ပေးသည်။ သော်တာဖူး၏ဖခင်ရော မိခင်ပါ ဖေဖေထည့်ပေးသည်ကို ဘာမှမပြော။ သော်တာဖူးက တော့ သူမ၏ပန်းကန်ထဲ ပုစွန်ဆီပြန်ကို ထည့်အပေးမှာ ထ၍ အော်သည်။

"သမီး မစားဘူး"

"ဘာဖြစ်လို့လဲ သမီးရဲ့"

ဖေဖေက သက်သတ်လွတ်များလားဟူသော သဘော ဖြင့် မေးသည်။

"သမီးက ဆီတွေဒီလောက်များနေတဲ့ဟင်းကို မစားဘူး

www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့"

"ဩော်"

ဖေဖေက 'ဩော်' ဟုဆိုရင်း အားနာကာသွားသည်။ မေမေကတော့ သော်တာဖူးကို အံ့ဩသလိုရှိသည်။

"ကဲပါ သမီးရယ်၊ ပန်းကန်ထဲရောက်ပြီးသားကိုတော့ စားလိုက်ပါ၊ ထည့်ပေးတဲ့လူကို အားနာစရာကြီး"

သော်တာဖူး၏မိခင်က အားနာနာဖြင့် ဝင်၍ဆိုသည်။

"သမီး မေမေတို့ကို ခဏခဏပြောဖူးတယ်လေ၊ အစား အသောက်နဲ့ပတ်သက်လာရင် အားနာစာနဲ့ နှမြောစာကို ရှောင်ရမယ်လို့၊ တစ်လက်စတည်း ရဲရင့်ခေတ်သစ်တို့ကိုပါ စေတနာနဲ့ ပြောပြဦးမယ်၊ ဘယ်သူတွေပဲကျွေးကျွေး ဘာကြောင့်ပဲဖြစ်ဖြစ် ပေါ့လေ အားနာပြီးတော့ပဲဖြစ်ဖြစ် နှမြောပြီးတော့ပဲဖြစ်ဖြစ် မစားရဘူးတဲ့၊ ရောဂါဆိုတာက ကာကွယ်ခြင်းက ကုသခြင်းထက် တောင်းတယ်လေ၊ ကိုယ်နဲ့မတည့်တာ ဒါမှမဟုတ် ကိုယ်မကြိုက်တာကို ငြင်းပယ်ရဲရမယ်၊ အားနာပြီးတော့လည်း မစားရဘူး၊ နှမြောပြီးတော့လည်း မစားရဘူးတဲ့"

"အေးပါကွယ်၊ ကဲ. . . ကဲ. . . သမီးကြိုက်တာသာ ထည့် စား"



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက မျက်နှာပျက်သွားရာက ဆိုသည်။ မေမေနှင့် သူနှင့်က အကြည့်ချင်းဆုံသည်။ သော်တာဖွး၏မိခင်နှင့် ဖခင်က တော့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်သည်။

သော်တာဖွးကတော့ ခပ်တည်တည်ပင်။ အသီးအရွက် များဖြင့်သာ ဆက်၍စားသည်။ ‘ကဲ. . . မှတ်ကရော’ ဟု သူတွေး ရင်း မသိမသာပြုံးဖြစ်သည်။

“သမီးကတော့ စာရေးဆရာမပီပီ အတွေးများတယ်၊ အဟင်း. . . ဟင်း”

သော်တာဖွး၏မေမေက ‘တဟင်းဟင်း’ရယ်ရင်း သော်တာဖွးကို မျက်မှောင်ကြုတ်ပြသည်။ သော်တာဖွးကတော့ ခပ်တည်တည်ပင် ဆက်၍ စားကာနေသည်။

စိုစိုပြည်ပြည်ရှိမည်ဟု ထင်ထားသော စကားဝိုင်းက အနည်းငယ် ခြောက်ကပ်ကပ်နိုင်ကာ ပြီးသွားသည်။

“မောင်ရဲရင့်ခေတ်သစ်ရေ သမီးက ပန်းပင်တွေကို အရမ်းသဘောကျတာ၊ သူက ဒီအိမ်ကို အခုမှရောက်ဖူးတာ ဆိုတော့ သားကပဲ လိုက်ပြလိုက်ပါဦး”

သော်တာဖွး၏မိခင်က သူ့ကိုကြည့်ရင်းဆိုသည်။ သဘော က လူငယ်ချင်း စကားပြောကြဆိုသည့်သဘော။ သူ ခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"ဟုတ်ကဲ့၊ လာလေ. . . သော်တာဖူး"

"ဟုတ်"

သူမက ဟုတ်ဟုဆိုရင်း သူ့နောက်လိုက်လာသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



Mistrust the woman who speaks only of her virtue.

သူမ၏ကောင်းကြောင်းတွေကိုသာပြောသော မိန်းမကို မယုံကြည်သင့်။

***Russian Proverb***

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲရင့်ခေတ်သစ်က ကိုယ်တိုင်ကလည်း ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ မြေတွေဝယ်၊ ကိုယ်တိုင်ဆောက်ပြီး အိမ်တွေ တိုက်ခန်းတွေကို အမြတ်နဲ့ပြန်ရောင်းတယ်ဆို"

"ဟုတ်ကဲ့၊ လုပ်ငန်းကတော့ ခပ်သေးသေးပါ"

"ကိုရဲရင့်ခေတ်သစ်တို့အိမ်က ပန်းတွေအရမ်းစုံတယ်နော်၊ သစ်ခွရော၊ နှင်းဆီရော၊ ဘာအမျိုးအစားမှန်းမသိတဲ့ ပန်းတွေရော စုံနေတာပဲ"

သော်တာဖူးက ပန်းများကိုကြည့်ကာ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ဆိုသည်။

"ကျွန်မကလေ စာရေးဆရာမမို့လား မသိဘူး၊ သဘာဝ တွေကို အရမ်းတန်ဖိုးထားတာ၊ ကျွန်မရဲ့အိမ်မှာဆိုရင် ပန်းအတု၊ သစ်ပင်အတု လုံးဝမရှိရဘူး၊ နောက်ဆုံး ဆံပင်ကိုတောင် သဘာဝ မဟုတ်တဲ့ တခြားအရောင်မဆိုးဘူး၊ ကျွန်မက သဘာဝကို အဲဒီလို မြတ်နိုးတာ၊ သိလား"

"ဪ"

သူ ငြီးငွေ့စွာပင် 'ဪ' ဖြစ်သည်။

"ဒါနဲ့ သော်တာဖူးက စာရေးဆရာမလို့ ခဏခဏ ကိုယ့်ကိုယ်ကို ထည့်ထည့်ပြောလို့ မေးဦးမယ်ဗျာ၊ ကလောင် နာမည်က ဘာလဲဗျ"

"ကျွန်မက ကလောင်သစ်ဆိုတော့ ကိုရဲရင့်ခေတ်သစ် တ ကြားဖူးမှာမဟုတ်ဘူး၊ ကျွန်မရဲ့ကလောင်က ကြည်လူမိုးဆက် ဆောင်း"

သူမက ခေါင်းကိုမော့ကာဆိုသည်။

"ကြည်လူမိုးဆက်ဆောင်း"

"ဟုတ်"

သူမ၏အမည်ကို သူ ရေရွတ်ဖြစ်သည်။ သူ့ဘက ဂုဏ်

ဝို ၊ မို ၊ ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ယူနေဟန်ဖြင့် 'ဟုတ်' ဟုဆိုသည်။ တကယ်တော့ အားမနာတမ်း ဝန်ခံရလျှင် ဤကလောင်ကို သူ မကြားဖူး။ စာအုပ်အငှားဆိုင်၊ အရောင်းဆိုင်များနှင့် အဆက်ပြတ်လေ့မရှိသော သူ့အဖို့ သူမ၏ ကလောင်သည် ရင်းနှီးမနေ။

"မကြားဖူးဘူး မဟုတ်လား"

"ဟိုဒင်းပေါ့ဗျာ၊ ကျွန်တော်. . . "

"အားနာမနေပါနဲ့၊ ကျွန်မက ဘယ်စာအုပ်မှာမှ မပါဖူး သေးဘူး၊ ဘယ်ဂျာနယ်၊ ဘယ်စာစောင်၊ ဘယ်မဂ္ဂဇင်းမှာမှ မပါ ဖူးသေးဘူး၊ ဒါပေမဲ့ မကြာခင် ပါတော့မှာပေါ့နော်၊ အဟင်း. . . ဟင်း"

အားနာနေသော သူ့ကို သူမက စကားဖြတ်၍ ဆိုသည်။

"ဩော်. . . ဒါဖြင့် လုံးချင်းတွေလည်း ရေးတာလား"

"အင်း. . . လုံးချင်းလည်း မထွက်ဖူးသေးဘူး၊ ဒါပေမဲ့ ကျွန်မရဲ့လုံးချင်းတွေ မကြာခင် ထွက်တော့မှာ၊ အားလုံးစီစဉ်ပြီး ပြီဆိုတော့လေ၊ ထွက်တော့မှာပါ"

ဆရာမကြီးစတိုင်ဖြင့် သူမက ဆိုသည်။ ထွက်တော့မှာ ပါဆိုသော သူမကို 'အသက်လား' ဟု သူ စိတ်မှနေ မေးဖြစ်သည်။ ဘာဂျာနယ် ဘာမဂ္ဂဇင်းမှာမှ စာတစ်လုံးမှ ဖော်ပြခံရဖူးခြင်း မရှိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ခပ်တည်တည်ဖြင့် သူမကိုယ်သူမ စာရေးဆရာမဟု အမည်ခံထားသည်ကိုကြည့်ရင်း သူ နည်းနည်းတော့ ရယ်ချင်သွားသည်။

"ဒါနဲ့ ကိုရဲရင့်ခေတ်သစ်က ကျွန်မရဲ့ ကလောင်နာမည်ကို ဘယ်လိုမြင်လဲဟင်၊ လှလား၊ ခန့်ရော ခန့်ရဲ့လားဟင်"

သူမက နှင်းဆီပန်းဖူးတစ်ခုကို ကိုင်ရင်း မေးသည်။

"ကလောင်နာမည်ကိုတောင် မေ့တော့တော့ဖြစ်သွားပြီ၊ ဘာတဲ့"

"ကြည်လူမိုးဆက်ဆောင်း"

"ဪ. . . အင်း. . လှပါတယ်၊ အတော်လှတယ်ဗျ"

သူမ၏ရှေ့တည့်တည့်မှာရှိသော သစ်ခွပန်းကိုကြည့်ရင်း သူ ဆိုဖြစ်သည်။

"နာမည်ကို ဘယ်လိုအကြောင်းတွေနဲ့ ဒီလိုပေးထားလဲသိလား"

"ဟင့်အင်း. . . မသိဘူးခင်ဗျ"

သူ ခေါင်းခါရင်းဆိုဖြစ်သည်။ ဘယ့်နှယ်လုပ် မပြောဘဲ သိပါမည်တဲ့လဲ။ သူ ခေါင်းကို ယောင်ယမ်းပြီး ကုတ်ဖြစ်၏။

"ကျွန်မ အရမ်းကြိုက်တဲ့ စာရေးဆရာလေးယောက်ကို ပေါင်းပြီး ပေးထားတာ၊ ကြည်ဆိုတာက 'အကြည်တော်' လူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက 'လူနေ'၊ မိုးဆက်ဆိုတာက 'မိုးဆက်လင်းထက်'၊ ဆောင်း ဆိုတာက 'သိုးဆောင်း'၊ အဲဒီလို"

"ဪ"

သူ ဪဟု ရေရွတ်ဖြစ်သည်။

"ဘာဖြစ်လို့ သူတို့လေးယောက်ကို ကြိုက်ပြီး ဒီနာမည် ပေးဖြစ်တာလဲဗျ"

သူ ဘာရယ်မဟုတ် မေးဖြစ်သည်။

"တကယ်တော့ ကျွန်မက စာရေးဆရာ ပြည့်ပိုင်မှုအိမ် ကိုလည်း အရမ်းကြိုက်ပါတယ်၊ ဒါပေမဲ့ သူက ချောချင်တိုင်းတွေ ချောတဲ့ ခန့်ချောကြီးလည်းဖြစ်၊ ခန့်ညားချင်တိုင်းတွေ ခန့်ညား ပြီး တည်ကြည်ဖြောင့်မတ်ထူးခြား ယောကျ်ားပီသ၊ အရပ်အမောင်း ကောင်းပြီး ရုပ်ဖြောင့်ချင်တိုင်းတွေ ဖြောင့်နေတဲ့ စာရေးဆရာဆို တော့ ကျွန်မအနေနဲ့ သူ့နားမကပ်နိုင်ဘူးလေ၊ သူ့ဘေးမှာက အလန်းတကာ့ အလန်းဆုံး ကောင်မလေးတွေ ဝိုင်းနေတော့ (ရေးရတာ အရသာရှိလိုက်တာဗျာ) ကျွန်မ မျှော်လင့်နိုင်တာဆိုလို့ ကျွန်စဲ့ ကုပ်ကွ ကုပ်ကွနဲ့ ရုပ်ကြမ်းရေကျို စာရေးဆရာ လေးယောက်ပဲ ရှိတော့တာကိုး၊ အဲဒါနဲ့ပဲ တစ်ယောက်နဲ့မရ တစ်ယောက်နဲ့ရအောင်ဆိုပြီး ကြည်လူမိုးဆက်ဆောင်းဆိုပြီး အဝိ



www.burmeseclassic.com

www.burmeseclassic.com



လေတိုးတက်ကြောင်း စီမံကိန်းဆွဲပြီး ပေးထားတာပါ၊ ကျွန်မရဲ့ မဟာ့မဟာ အနာဂတ် ပလန် (plan) မှာ စာရေးဆရာကတော် ဖြစ်ချင်တဲ့ စီမံကိန်းလည်း ပါတယ်လေ၊ ဒီတော့ ရှည်ရှည်ဝေးဝေးတွေလည်း မပြောတော့ပါဘူး"

သူမက 'မပြောတော့ပါဘူး' ဟုဆိုသော်လည်း အင်မတန့်အင်မတန် ရှည်လျားစွာဆိုရင်း စကားကိုခဏရပ်ကာ သူ့ကိုကြည့်သည်။

"ကိုရဲရင့်ခေတ်သစ်"

"ဟုတ်ကဲ့"

"ရှင့်ကို ကျွန်မဘဝရဲ့ လက်တွဲဖော်အဖြစ် လုံးဝလက်မခံနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက စာရေးဆရာကတော်ပဲ ဖြစ်ချင်လို့ပါ"

"အင်"

သူ့ ရင်ထဲမှာ 'နင်' ခနဲ ဖြစ်သွားသည်မှ 'အင်'ခနဲ ဖြစ်ကာသွားသည်။ လက်တွဲဖော်မဖြစ်နိုင်ဘူးပြောရအောင် သူမကို သူက လည်း ဘာမှကမ်းလှမ်းသေးသည်လည်းမဟုတ်။ လူကို ဘလိုင်းကြီးလာဖြတ်နေသည်။ ဒါမျိုးတော့ လာချိုးလို့မရ။

"နေပါဦး မသော်တာဖူး ခေါ် မကြည်လူမိုးဆပ်ဆောင်း

www.burmeseclassic.com



ခင်ဗျ၊ ကျွန်တော်ကလည်း ခင်ဗျားကို လက်တွဲမယ် မတွဲဘူး ဘာဆိုဘာမှလည်း မပြောရသေးဘဲနဲ့ ခင်ဗျားဘက်က ဒီလိုပြောတာ တဆိတ်လွန်လွန်းပြီ ထင်တယ်ဗျ၊ ကျွန်တော်က Request လုပ်ခဲ့ရင်၊ Propose လုပ်ခဲ့ရင်တော့လည်း တစ်မျိုးပေါ့ဗျာ၊ အခုဟာက တစ်ဖက်သတ်ကြီးဗျာ"

သူ တင်းတင်းနှင့် ဆိုဖြစ်သည်။

"ဒါပေမဲ့ ကျွန်မက မိန်းကလေးလေ၊ ကျွန်မ စရောက်ပါပြီဆိုကတည်းက ရှင် လိုချင်မျက်စိနဲ့ ကြည့်နေမှန်း အရမ်း. . တမ်း. . ဟမ်း. . သိသာနေတယ်လေ၊ မိန်းကလေးဆိုတာက ကိုယ့်ကို ယောကျ်ားလေးတစ်ယောက်က ဘယ်လိုအကြောင်းကြောင့် ကြည့်နေတယ်ဆိုတာ မသိဘဲနေမလားရှင်"

"ဗျာ"

သူ ငိုချင်စွာဖြင့် 'ဗျာ'ဖြစ်သည်။ ဘေးမှာရှိနေသော အုတ်နံရံကိုပင် 'အင်းဟာ အင်းဟာ' ဟု ခေါင်းဖြင့်ပြေးဆောင့်ပစ်ချင်စိတ် ပေါက်သွားရသည်။ 'လိုချင်မျက်စိကြီးဖြင့်' ကြည့်နေမှန်း သိသည်ဆိုပါလား။ ကိုယ့်မျက်လုံးကိုတောင် ကိုယ်တလော်ထုတ်ပစ်ချင်သည်။

"ကျွန်မလို လှပချောမောပြီး အနာဂတ်မှာ ထွန်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာမယ့် ရွှေကလောင် ရွှေကြယ်ပွင့်ကို လိုချင်မိတာ ရှင့်အတွက် အပြစ်တော့မဟုတ်ပါဘူး၊ တခြားယောကျ်ားလေးဆိုရင်လည်း ဒီလိုပဲဖြစ်မှာပါ"

မျက်စိလေးလုံးစလုံးကို ဖွတ်မှိတ်ကာ ယုံကြည်မှုအပြည့်ဖြင့်ဆိုနေသော ကြည်လူမိုးဆက်ဆောင်းကို သူ ငိုချင်ပက်ကျိဖြင့် ကြည့်မိသည်။

"ကျွန်မရဲ့အနာဂတ်အတွက် စာတွေရေးရင်း မအားမလပ်တဲ့ကြားက လာခဲ့ရတာမို့ ခွင့်ပြုပါဦးရှင်၊ ကျွန်မနဲ့လက်တွဲခွင့်မရှိတဲ့အတွက် ရှင် စိတ်မကောင်းတော့ မဖြစ်ပါနဲ့၊ ရှင့်ရုပ်က ဖြောင့်တယ်ဆိုတာထက်တောင် ပိုပါသေးတယ်၊ ဒီတော့ ကောင်မလေးချောချောတစ်ယောက်လောက်ကတော့ ရနိုင်ပါတယ်ရှင်၊ ကြိုးစားပေါ့၊ တဲ. . . ကျွန်မ အထဲဝင်လိုက်ဦးမယ်"

"ဟင့်"

သူ့ရင်ထဲက ရှိုက်သံဖြစ်သည်။ စိတ်တိုလွန်းသည်မို့ ဘာကိုလည်း ပြောလိုက်ရမှန်းပင်မသိ။ သူမကတော့ တစ်ဖက်သတ်စကားများကိုဆိုကာ အနိုင်ဖြင့်ပိုင်းရင်း သူ၏အိမ်ထဲသို့ ဝင်သွားပြီဖြစ်သည်။

ဖေဖေတို့ မေမေတို့ မေးသောအခါ ဘယ်လိုက ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



စပြောရမှန်းပင် သူ မသိတော့။ 'တောက်' ဟုသာ တက်ကို မကျေမချမ်းခေါက်ဖြစ်သည်။

"တောက်"

× × × ×

www.burmeseclassic.com

www.burmeseclassic.com



Let a woman go after her reproach.

သူမ မကျေနပ်သည်များကို ပြောပြီးသည်နှင့် ထိုမိန်းမကို သွားခွင့်ပြုလိုက်ပါ။

***Welsh Proverb***

× × × ×

ဝို ၊ မို ၊ ၀၁၆၂

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ အာကာ၊ ယုယ၊ သူဇာတို့က ခွက်ထိုး ခွက်လန်ပင် တဟီးဟီး တခွိးခွိးဖြင့် ရယ်ကြသည်။

“ဝေလ စကားပုံတစ်ခု ရှိတယ်ကွ၊ သူမ မကျေနပ်သည် တို့တို ပြောပြီးသည်နှင့် ထိုမိန်းမကို သွားခွင့်ပြုလိုက်ပါတဲ့၊ သဘော ကတော့ကွာ စကားလုပြီး ပြောမနေနဲ့ဆိုတဲ့ သဘောပဲကွ၊ ဖက် ပြီးပြောမနေနဲ့ဆိုတဲ့သဘော”

အာကာက ထုံးစံအတိုင်း ကျက်မှတ်ထားသမျှတို့ကို ပြန်ရွတ်ပြရင်း ဆရာကြီးအထာဖြင့် ဆိုသည်။

“အေးပါကွာ၊ ဖက်ပြီးပြောဖို့အချိန်လည်း မရလိုက်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူ အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

"အချိန်ရရင်တော့ ဖက်ပြီးပြောချင်သေးတယ်ပေါ့"

သူဇာက သူ့ကို ရယ်ကျဲကျဲဖြင့်ဆိုသည်။

"ဒီမှာ အရပ်ငါးပေအထက် လူကြီးလူကောင်းတွေ စကားပြောနေတယ်၊ လေးလက်မ ဒေါက်ဖိနပ် ထည့်ပေါင်းတာတောင် ငါးပေမပြည့်တဲ့လူက ဝင်မပါကြေး"

ဟု ယုယက သူဇာ့ကိုကြည့်ရင်း ဆိုသည်။

"သွားမပြောပါနဲ့ဟာ၊ သူ့ခမျာ ပုချင်တိုင်းတွေပုပြီး နုချင်တိုင်းတွေ နုနေတဲ့ဥစ္စာ၊ တော်ကြာ သစ်ပင်မြင့်လို့ လေတိုက်တယ်လို့ ထပြောနေဦးမယ်"

အာကာက သူဇာ့အကြောင်းကို သိပြီးသားမို့ ဟက်ခနဲရယ်ရင်း ဆိုသည်။ သူဇာကတော့ လက်ဖျစ်တီးသည်။

"ဟုတ်ပြီ. . . ဒီမှာ ရဲရင့်ခေတ်သစ် ငါ့ကို အဲဒီစာရေးဆရာမ ကြည်လူမိုးဆက်ဆောင်းရဲ့ ဖုန်းနံပါတ်လေးရှိရင် ပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"

သူ အူကြောင်ကြောင်ဖြင့် သူဇာ့ကိုမေးဖြစ်သည်။

"ငါ သူ့ရဲ့ အမာခံပရိသတ်အဖြစ် မိတ်ဆက်ပြီး သူ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



တနေ့ စကားပြောနည်းသင်တန်း တက်မလို့၊ ဒါမှ နင်တို့ကို ငါ ကောင်းကောင်းကြီး ပြန်နှိပ်ကွပ်နိုင်မှာလေ၊ ပြောမယ့်သာပြောရ တာပါ၊ အာကာရော ရဲရင့်ခေတ်သစ်ရော ငါ့ကို လိုချင်မျက်စိတွေ နဲ့များ ဝိုင်းကြည့်နေကြလားမသိဘူး၊ အဟက် . . . ဟက်"

အမူအရာနှင့်တကွဆိုသော သူဇာ့ကိုကြည့်ကာ သူ ရယ် ဖြစ်သည်။ အာကာကတော့ နှာခေါင်းရှုံ့သည်။

"နင့်ကိုလား လိုချင်မျက်စိနဲ့ကြည့်မိမှာ၊ မလိုချင်မျက်စိ နဲ့ ကြည့်ဖြစ်တယ်ဆို တော်သေး၊ အရုပ်ကဖြင့် တစ်ရေးနိုးထတိုင်း လည်း ငါးပေမပြည့်ဘူး"

အာကာက မျက်နှာကို ရှုံ့မဲ့ရင်းဆိုသည်။

"ရင်ထဲမှာရှိတဲ့အတိုင်းတော့ ဘယ်ဖွင့်ပြောမှာလဲ၊ အေး ပေါ့လေ ငါ့လို အနာဂတ်မှာထွန်းတောက်လာမယ့် စိန်ကြယ်ပွင့် ကြီးကို လိုချင်မျက်စိတွေနဲ့ ဝိုင်းကြည့်ကြတာကို ငါ အပြစ်မပြော ချင်ပါဘူး"

အိုက်တင်အပြည့်ဖြင့်ဆိုသော သူဇာ၏စကားကြောင့် သူတို့အားလုံး ရယ်ဖြစ်ကြသည်။ သူကတော့ ပို၍ရယ်ဖြစ်သည်။

"ဒါနဲ့ စကားမစပ် . . ."

ယုယက 'စကားမစပ်'ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"စပ်ပါ၊ စကားမစပ် မလုပ်နဲ့၊ စကားစပ်စပ်ပြော"

သူဇာက ခပ်ရွှတ်ရွှတ်ဆိုသည်။

"အရပ်ငါးပေအထက် လူကြီးလူကောင်းတွေ စကားပြောနေတယ်၊ ကလေးက ကလေးလို အသာနေစမ်းပါ၊ ဒီမှာ ရဲရင့်ခေတ်သစ်"

"အေး. . . ပြော"

ယုယကို သူ 'အေး. . ပြော'ဟု ဆိုဖြစ်သည်။

"နင့်အမေနဲ့ အဖေကရော အဲဒီ ကြည်လူနွှေမိုးဆောင်းတို့"

"ကြည်လူမိုးဆက်ဆောင်းပါဟာ"

ယုယ၏စကားကို အာကာက ဝင်၍ပြင်ပေးသည်။

"အေး. . . အဲဒီ ကြည်လူမိုးဆက်ဆောင်းကို ကြည်ကြည်ဖြူဖြူရော ရှိရဲ့လား၊ နင်တို့ကို ထပ်ဆုံပေးဖို့လုပ်သေးလား"

ယုယ၏အမေးကို သူ ခပ်သွက်သွက်ပင် ခေါင်းခါဖြစ်သည်။

"ငါ့ထက်လည်လို့ ငါ့အဖေနဲ့အမေ ဖြစ်နေတာပေါ့ဟာ၊ အဲဒီဂေါက်သီးကိုလား သူတို့က ချွေးမတော်မှာ"

သူ အရယ်တစ်ဝက်ဖြင့် ဖြော်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဖူးစာဆိုတာ မြင်ရတာမဟုတ်ဘူး၊ နင် အဲဒီ ဂေါက်သီးနဲ့ညားတော့မှ ဂေါက်အိတ်လား ဂေါက်တံလား ဖြစ်နေဦးမယ်"

သူဇာက ပက်ခနဲ ဝင်၍ဆိုသည်။

"တော်ပါပြီဟာ"

ခေါင်းကုတ်ရင်းဆိုသော သူ့ကိုကြည့်ကာ သူမတို့သုံးယောက်က ဝိုင်း၍ရယ်ကြသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

A shrewish wife is a scourge.

နှုတ်သီးကောင်းလျှာပါး ဇနီးသည်တစ်ယောက်သည် ကြာပွတ်တစ်ချောင်းပင် ဖြစ်၏။

***Yiddish Proverb***

× × × ×



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'ခနဲ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ကာ လူတစ်ယောက် ဝင်ထိုင်သည်မို့ သူ လန့်သွားရသည်။ နောက်ကြည့်မှန်မှ ကြည့်တော့ တော်တော်ကြီးကိုလန်းသော ကောင်မလေးတစ်ယောက်က ခပ်တည်တည်ထိုင်ကာ ဘေးလွယ်အိတ်ကိုဖွင့်ကာ ငုံ့ကြည့်နေသည်။

"အိမ်တိုမောင်း"

"ခင်ဗျာ"

သူ ယောင်ယမ်းကာ 'ခင်ဗျာ'ဟု ထူးဖြစ်သည်။ ကောင်မလေး ကားမှားပြီးဝင်ထိုင်ပြီဟု သူသိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကြောင့် ကောင်မလေးက ကြောင်အမ်းအမ်းဖြင့် သူ့ကိုကြည့်သည်။ ပြီး. . .

"ရှင် ဘယ်သူလဲ"

ဟုမေး၏။

"ဟုတ်ကဲ့. . . ရဲရင့်ခေတ်သစ်ပါခင်ဗျ"

"ရှင် အူကြောင်ကြောင်မလုပ်နဲ့နော်၊ အခုချက်ချင်း ကားပေါ်ကဆင်း၊ ကျွန်မကားပေါ် ဘာတက်လုပ်တာလဲ၊ ကျွန်မ မောင်လေးရော ဘယ်ရောက်သွားတာလဲ"

နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် ဆိုနေသော ကောင်မလေးကိုကြည့်ရင်း သူ ရယ်ချင်သွားမိသည်။ သူမခမျာ ခုချိန်ထိ တားမှားကာ ဝင်ထိုင်မိမှန်း သိသေးပုံမပေါ်။ သူ ပြုံးဖြစ်သည်။

"ဘာပြုံးတာလဲ၊ ကားပေါ်ကဆင်းသွားလို့ ပြောနေတာ နားမလည်ဘူးလား၊ ရှင် စိတ်ရောမှန်ရဲ့လား"

"ဟောဗျာ. . . နေ့ခင်းကြောင်တောင်ကြီး ကားအနှုကြမ်းစီးနေပါလား၊ ဘာလဲ ခင်ဗျားက ကားတစ်စီးကို ဒီလိုလွယ်လွယ်ရမယ် ထင်နေလို့လား၊ ခင်ဗျားရုပ် ခင်ဗျားရည်နဲ့မှားဗျာ"

သူ တမင်ပင် ပြောင်ချော်ချော်ဆိုဖြစ်သည်။

"အောင်မာမာ. . . သူခိုးက လူဟစ်လို့ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တတ်တဲ့ မိန်းမမျိုးမဟုတ်ဘူးနော်၊ ဒီမှာ အိတ်နဲ့ဖြတ်ရိုက်လိုက်မယ်၊ အခု ကားပေါ်ကဆင်း"

သူမက ဘေးလွယ်အိတ်ကိုမြှောက်ပြရင်း ဆိုသည်။

"အခု ကားပေါ်ဆင်းဆိုတဲ့စကားက ကျွန်တော်က ပြောရမှာဗျ၊ ကားအနုကြမ်းစီးချင်ရင်လည်းဗျာ လူငါးယောက်လောက်နဲ့ စီးမှပေါ့ဗျ၊ အခုဟာက ခင်ဗျားတစ်ယောက်တည်းဆိုတော့ ဖျင်းစရာကြီး"

"ဟောတော်. . . ရှင် ရူးနေလား"

သူ့စကားအဆုံးမှာ သူမက အံ့သြတကြီး ရေရွတ်သည်။

ဖြီး

"ဒါ နေ့ခင်းကြောင်တောင်ကြီးနော်"

ဟု ရေရွတ်သည်။ သဘောက နေ့ခင်းကြောင်တောင်ကြီး သူမ၏ကားကို သူက အနုကြမ်းစီးနေသည်ဆိုသည့်သဘော။

"ကျွန်တော်ကလည်း ညခင်းကြောင်တောင်ကြီးလို့ မပြောပါဘူး"

ဟု သူ ခပ်ရွှတ်ရွှတ်ဆိုဖြစ်သည်။

"ဒီမှာ. . . ရှင် အူကြောင်ကြောင်မလုပ်နဲ့၊ ကျွန်မ မောင်လေး ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို ခပ်စူးစူးကြည့်ရင်း ဆိုသည်။

"ဘယ်သိမှာလဲဗျ၊ ခင်ဗျားလိုပဲ ကားတစ်စီးစီးကို အချောင်ရမလားလို့ အကြောင်လိုက်ရိုက်ချင် ရိုက်နေမှာပေါ့"

"ဘာပြောတယ်၊ ရှင် . . ."

သူမ ဒေါသထွက်ကာ စကားတွေ ထစ်ကာသွားသည်။

"ဒီစင်တာရဲ့ကားပါကင်မှာ ဒီလိုပုံစံနဲ့ ကားဆိုလို့ ခင်ဗျားရဲ့ကားပဲရှိတာလား၊ ကားနံပါတ်လေး ဘာလေးလည်း ဆင်းကြည့်ပါဦးဗျာ"

သူ ရယ်ချင်ပက်ကျိဖြင့် ဆိုဖြစ်သည်။ ထိုအခါမှ သူမက ကားမှားသွားမှန်း စဉ်းစားမိဟန်ဖြင့် ကားအောက်ကိုဆင်းကာ ကားနံပါတ်ကို ကြည့်သည်။

တကယ်တော့ သူမ၏ကားက နှစ်စီးကျော်လောက်မှာ ရပ်ထားမှန်း သူ လှမ်း၍မြင်ပြီးဖြစ်သည်။ သူမနှင့်ငြင်းခုံနေစဉ်မှာ လှမ်း၍ကြည့်မိခြင်းဖြစ်သည်။

"ကားမှားရင် မှားနေတယ်လို့ ပြောပါလား"

ကားနံပါတ်ကို ကားရှေ့တည့်တည့်မှကြည့်ရင်း သူမက ရှက်အမ်းအမ်းဖြင့် သူ့ဆီလျှောက်လာကာ ဆိုသည်။

"မသိဘူးလေ၊ တချို့ကောင်မလေးတွေက ဒီလိုပဲ ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းဆင်ပြီး ဝင်ဝင်ရောကြတော့ဗျာ၊ ကားမှားနေတယ်လို့ပြော ရင်လည်း sorry ဆိုပြီးတော့ ဆက်ရောနေမှာစိုးလို့"

"အောင်မာမာ. . . ဒီမှာ ဟိုနှစ်စီးကျော်ကကားက ကျွန်မ ကား၊ ကျွန်မမောင်လေးလည်း ရှင့်လိုပဲ ချဲလ်ဆီးအကျီဝတ်ထားလို့ မှားသွားတာ၊ နားလည်လား"

သူမက ရှက်ဝဲဝဲဖြင့် သူ့ကိုရန်တွေ့သည်။

"ခင်ဗျားကလည်း ဒီကားမရတာနဲ့ နောက်တစ်စီးကို ဆက်လှုပ်ရှားမလို့လား၊ အဲဒီလောက် လွယ်ပါ့မလားဗျာ"

သူ စချင်ချင်ဖြင့် ဆိုဖြစ်သည်။ သူမက 'ဘာပြောတယ်' တုဆိုကာ မျက်နှာကြီး နီမြန်း၍သွား၏။

"ဟဲ့. . . သူရ လာစမ်း ဒီကို"

သူမက ကားဘေးမှာရပ်နေသော သူမ၏မောင်လေးကို စိတ်တိုတိုဖြင့် လှမ်းခေါ်သည်။ သူရဆိုသော သူမ၏မောင်လေးက လည်း အူကြောင်ကြောင်ဖြင့် ရောက်လာသည်။

"ဘာဖြစ်တာလဲ မမလင်း"

"ဒီမှာ ကားမှားပြီးဝင်ထိုင်မိလို့ဟေ့၊ ကားကလည်းတူ၊ ဝတ်ထားတဲ့အကျီချင်းကလည်း တူနေလို့"

"မမလင်းကတော့ လုပ်တော့မယ်၊ sorry နော် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရွေပုံရသော ချာတိတ်က သူ့ကိုပြုံးပြရင်း ဆိုသည်။

“ရပါတယ် ညီလေးရာ၊ ဒါနဲ့ ညီလေးလည်း အစ်ကို့လို ချဲလ်ဆီးခရေဇီပဲလား”

သူ ကားပေါ်မှဆင်းရင်း ဆိုဖြစ်သည်။

“ဟုတ်တယ် အစ်ကို၊ အစ်ကို မနေ့ညကပွဲ ကြည့်သေးလား၊ ချဲလ်ဆီးကစားသွားတာ တော်တော်လေးမိုက်တယ်နော်”

“အေး. . . ဟုတ်တယ်ကွ”

သူနှင့်ချာတိတ် ဘောပွဲအကြောင်း ပြောနေသည်ကို ကြည့်ရင်း သူမ ဒေါကန်လာပုံရသည်။ ခါးကိုထောက်ရင်း ‘ဟဲ့’ ဟု ဆိုသည်။

“ဟဲ့. . . သူရ ကားနားကိုသွားစမ်း၊ ဘယ်ကမှန်းမသိတဲ့ လူနဲ့ ဆွေမျိုးကစပ်နေသေးတယ်၊ သွား. . . အခု”

ချာတိတ်၏ကျောကိုတွန်းရင်း သူမက ဆိုသည်။

“အစ်ကို သွားပြီနော်”

ချာတိတ်က သူ၏အစ်မစကားကြောင့် အားနာသွားဟန် ဖြင့် သူ့ကို နှုတ်ဆက်ဖြစ်အောင် နှုတ်ဆက်သည်။

“အေး. . . ကောင်းပြီ ညီလေး”

သူ လိုအပ်သည်ထက်ပို၍ ပြုံးပြရင်း စိတ်ထဲမှနေ



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီယောက်ဖရေ' ဟု ဆိုဖြစ်သည်။

ပြုံးစိစိဖြင့်ကြည့်နေသော သူ့ကို သူမက ဒိုင်းခနဲ မျက်စောင်းထိုးရင်း နှုတ်ခမ်းကို ကိုက်ပြသွားသည်။

သူ့ရင်ထဲမှာတော့ လှုပ်ခနဲဖြစ်ကာသွားသည်။

သူမတို့ မောင်နှမနှစ်ယောက်၏ကား မောင်းထွက်သွားစဉ် သူမက မျက်စောင်းထပ်ထိုးကာသွားပြီး သူမ၏မောင်လေးက လက်ပြကာသွားသည်။

သူမ၏ကလေးဆန်မှုကို တွေးရင်း သူပြုံးဖြစ်သည်။ သူမနှင့် စကားပြောရသည်မှာ ပျော်စရာတော့ကောင်းသည်။ သူမ၏မောင်က သူမကို 'မမလင်း'ဟု ခေါ်ခဲ့၏။

"စောင့်နေရတာပျင်းပြီလား သား"

"မပျင်းပါဘူး မေမေရာ၊ မေမေ ပစ္စည်းကြည့်တာ မြန်သားပဲ၊ ကြိုက်တာရော တွေ့ရဲ့လား"

မေမေက စင်တာထဲရှိ စိန်ဆိုင်မှာ စိန်လော့ကတ် သွားကြည့်ခြင်းဖြစ်သည်။ သူက ရတနာတွေ ဝါသနာမပါသည်မို့ ကားထဲမှာထိုင်ကာ စောင့်၍ကျန်ခဲ့ခြင်းဖြစ်သည်။

"မတွေ့ပါဘူး၊ လိုချင်တဲ့ပုံစံကိုတော့ အော်ဒါမှာခဲ့တယ်၊ ကြာရင် သား ပျင်းနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မေမေရာ"

သူ စိတ်လိုလက်ရပင် ဆိုဖြစ်သည်။ 'ပျော်တောင်ပျော်သေး မေမေရ' ဟု စိတ်ထဲမှဆိုဖြစ်သည်။ မမလင်း ဟုသာ သိလိုက်ရသော သူမကို ပြန်၍မြင်ယောင်မိနေသည်ကတော့ အမှန်ပဲဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ပြန်ရောက်ရောက်ချင်း ကားနောက်ခန်းမှ ဖုန်းမြည်သံကြားသည်မို့ မေမေနှင့်သူ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ဖြစ်သည်။

"သား ဖုန်း Ring tone ပြောင်းလိုက်တာလား"

"သားကလည်း မေမေ့ဖုန်း Ring tone ပြောင်းလိုက်တယ် ထင်နေတာ၊ ဩော် . . . . ဟုတ်ပြီ . . . ဟုတ်ပြီ"

စောစောက မမလင်း ဆိုသော ဟိုကလေးမ ဖုန်းကျန်ခဲ့သည် ဖြစ်မည်။ ဘာရယ်မဟုတ် ဇာတ်လမ်းတော့ဆက်လို့ရပြီဟု သူ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအသာကြီး သာသွားမိသည်။

"ဘာဟုတ်တာလဲ သားရဲ့"

"နောက်မှရှင်းပြမယ် မေမေ"

"ပြီးရော"

မေမေက ပြီးရောဟုဆိုကာ အိမ်ထဲသို့ဝင်ကာသွားသည်။ ဖုန်းကိုကြည့်လိုက်တော့ Father ဟု ပေါ်နေသည်။ သူမ၏ အဖေဆိုတော့ ယောက္ခမကြီးပေါ့ဟု သူတွေးကာ ဖုန်းကို ကိုင်ဖြစ်သည်။

"ဟဲလို သမီး"

"ရှင်. . . အဲလေ. . . ဗျာ"

သူ ယောင်ယမ်းကာ 'ရှင်' မိသွားရင်း 'ဗျာ' ဟု ပြောင်း၍ ထူးဖြစ်သည်။ တစ်ဖက်ကတော့ ကြောင်သွားမည်ထင်သည်။

"ဟဲလို. . . သားလား"

"ဟုတ်ကဲ့"

သူ ကျေကျေနပ်နပ်ပင် 'ဟုတ်ကဲ့' ဖြစ်သည်။ သမီးမှ မဟုတ်တာ၊ ယောကျ်ားလေးဆိုတော့လည်း 'သားပေါ့' ဟု သူ ဟာသူ တွေးမိသည်။ နောက်မှ လူကြီးကို နောက်၍မကောင်းပါဘူးလေဟု ဆက်၍တွေးဖြစ်သည်။

"အခု ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . အခုပြောနေတာ ဒီဖုန်းပိုင်ရှင်ရဲ့ အဖေထင်တယ်"

"ဟော. . . အခုကိုင်နေတာ သားငယ် မဟုတ်ဘူးလား"

"မဟုတ်ဘူးခင်ဗျ"

သူ ရိုရိုသေသေပင် ဆိုဖြစ်သည်။

"ဟာ. . . ဒါဖြင့် ငါ့သမီးဖုန်းက ဘယ်သူ့ဆီရောက်နေတာတုန်း"

"ဟိုဒင်း. . . ကျွန်တော့်ကားပေါ်မှာ ကျန်ခဲ့လို့ပါခင်ဗျာ"

သူ စကားထစ်ကာ ဖြေဖြစ်သည်။

"ဘာကွ. . . ငါ့သမီးက သူ့မောင်လေးနဲ့အတူသွားတဲ့ ကိစ္စ၊ ဘာဖြစ်လို့ မင်းကားထဲ ဖုန်းကကျန်ရတာလဲ၊ နေပါဦး မင်းက ဘယ်သူလဲ၊ ငါ့သမီးက မင်းကားထဲ ဘာကိစ္စဖုန်းကျန်ရတာတုန်း၊ ပြောစမ်း၊ မင်း ငါ့သမီးရည်းစားလား"

တစ်ဖက်မှနေ မေးခွန်းတွေ အများကြီးမေးနေသည်မို့ သူ ရည်ရည်မွန်မွန်ပင် ဖုန်းကျန်ခဲ့သည့်ကိစ္စကို ရှင်းပြဖြစ်သည်။

"ဩော်. . . ဟုတ်လား၊ အေးကွယ် ဦးက မသိလို့"

"ဒါနဲ့ ဦး. . . ဒီဖုန်းကို သား ဘယ်မှာလာပေးရမလဲ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်လိပ်စာကိုသိချင်သည်မို့ ဖုန်းကို အကြောင်းပြကာ မေးဖြစ်သည်။

"အေး. . . ဒီလိုလုပ်ပါလား၊ မင်းက အိမ်အထိတောင် လိုက်ပေးရမယ်ဆိုတော့လည်း အားနာစရာကြီး၊ သူတို့မောင်နှမ ကိုပဲ မင်းဆီလွှတ်လိုက်ပါ့မယ်၊ တစ်ဆိုင်ဆိုင်မှာ တွေ့လိုက်ကြ ပေါ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့. . . အဲဒါဆို သားဖုန်းချလိုက်တော့မယ်နော် ဦး"

"အေး. . . အေး"

အိမ်လိပ်စာမသိဘဲ ဖုန်းချလိုက်ရသည်မို့ သူ မချင့်မရဲ ဖြစ်သွားမိသည်။ သို့သော် သူမနှင့်တွေ့ရဦးမည်မို့ သူပျော်သွား သည်ကတော့ အမှန်ပဲဖြစ်သည်။ ခုထိ 'မမလင်း' ဟုသာ သိထား သော ထိုကောင်မလေးကိုသာ ဘာကြောင့်များ ထပ်ခါထပ်ခါ တွေ့ချင်မိနေသည်မသိ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



သူမဖုန်း၏ Handset က i phone မို့ ဈေးကြီးမည်ဟု သူတွေးဖြစ်သည်။ Handset များကို သိပ်စိတ်မဝင်စားသည်မို့ အတိအကျမသိသော်လည်း i phone များ၏ဈေးက သိပ်မသေး လှသည်ကို သူသိသည်။

သူမအဖေနှင့် ဖုန်းပြောပြီးသည်မှ သိပ်မကြာသေး၊ ဖုန်း က ဝင်လာပြန်သည်။ ကြည့်လိုက်တော့ Brother ဟု ပေါ်နေ သည်မို့ သူမ၏မောင်လေးဟု သူ ထင်လိုက်၏။ ဒါမှမဟုတ် သူမက သူ၏မောင်လေးဖုန်းဖြင့် ဆက်တာလည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ဒီမှာ"

'ဟဲလို' ဟူသော သူ၏ထူးသံအဆုံးမှာ 'ဒီမှာ' ဆိုသော အမျိုးသမီးသံခပ်စူးစူးကို သူကြားလိုက်ရသည်။ သူမ၏အသံမှန်း သူ အတပ်သိလိုက်သည်။ ကြည့်ရသည်မှာ သူမ၏အဖေနှင့် သူမ အဆက်အသွယ်ရသေးဟန်မတူ။

"ဟုတ်ကဲ့ပါ"

သူတမင်ပင် ချိုချိုသာသာပင် ထူးဖြစ်သည်။

"ရှင့်ကားထဲမှာ ကျွန်မဖုန်းကျန်ခဲ့လို့ လှမ်းဆက်တာ၊ ရှင် အခုဘယ်မှာလဲ၊ ကျွန်မဖုန်း လာယူမလို့"

သူမ၏လေသံက ခပ်မာမာဘက်ကို အတော်လေးသွား နေသည်။ လေသံမာသော သူမကို သူ စချင်လာသည်။

"ဘယ်မှာလဲဆိုတော့ ကျွန်တော့်အိမ်မှာဗျ၊ ဖုန်းကတော့ ဒီနေ့လာယူလို့ အဆင်ပြေမယ်မထင်ဘူး၊ ကျွန်တော် မအားဘူး"

"ရှင် ကျွန်မဖုန်းကို လိုချင်လို့ ကလိမ်ကကျစ်ကျနေတာ မဟုတ်လား၊ ဒီမှာ ရှင် Handset လိုချင်ရင် ယူထားလိုက်၊ SIM ကတ် ပြန်ပေးရင် ကျွန်မ ကျေနပ်တယ်။ အဲဒီဖုန်းနဲ့ အလုပ်ကိစ္စ တွေလုပ်ဖို့ရှိလို့ ပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ခင်ဗျားစကားပြောတာ ကြောလှချည်လား"

သူ စချင်နေသည်မို့ တမင်ရိသဲ့သဲ့ ဆိုဖြစ်သည်။

"ရှင်လိုချင်နေမှန်းမသိလို့ တမင်ပြောတာ၊ ရှင့်လို ဒရိုင်ဘာတစ်ယောက်အတွက် ကျွန်မရဲ့ဖုန်းကို အပေါင်းဈေးနဲ့ ပြန်သွင်းရင်တောင် ရှင့်လစာမျိုး လေးငါးလစာတော့ အေးဆေးပဲ ပေါက်လား"

'ဩော်' ဟု သူဆိုဖြစ်ရင်း မိန်းမကောင်းရန်တွေ့ပုံစံဖြင့် ဆိုသော သူမ၏စကားကို သူ ဟက်ခနဲရယ်ဖြစ်သည်။

"အဲဒီဖုန်းနံပါတ်ကို သဘောကျလို့ သုံးလည်းသုံးလက်စ မို့ ပြန်တောင်းနေတာ၊ မဟုတ်ရင် ကျွန်မ ဖုန်းတောင်မဆက်ဘူး ဘူးလည်လား"

"ခင်ဗျားကလေ တစ်ဖက်သားပြောတဲ့စကားကို ဆုံး အောင်နားမထောင်ဘဲ စကားကို ဖွတ်ပြောတတ်တယ်နော်၊ အခု ထိ ခင်ဗျားရဲ့ဖုန်းကို ပြန်မပေးဘူးလို့ တစ်ခွန်းမှ ကျွန်တော်မပြော သေးဘူး၊ ထပ်ပြောလိုက်ဦးမယ်၊ ခင်ဗျားရဲ့ဖုန်းကို ဘယ်လောက် တန်တန် ကျွန်တော် စိတ်မဝင်စားဘူး"

"ဒါဆိုရင် အခုပြန်ပေးပါလား၊ ပြန်မပေးချင်လို့ နေ့ရွှေ့ ညရွှေ့ ရွှေ့နေပြီးတော့များ အပိုတွေ ပြောနေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ပက်ခနဲ ဆိုပြန်သည်။

"ဒါဖြင့် ခင်ဗျားကို အခုချက်ချင်း မအားတဲ့ကြားက လာပို့ပေးမယ်၊ အိမ်လိပ်စာပြော၊ အခုဆို အခုချက်ချင်း လာပို့ပေးမယ်"

သူ တမင်ခွင်ဆင်ကာ အိမ်လိပ်စာကို အစ်ကြည့်ဖြစ်သည်။

"ဘာကိစ္စ ရှင့်ကို ကျွန်မအိမ်လိပ်စာပြောရမှာလဲ၊ စောစောက ရှင့်ကားပေါ်မှာထိုင်မိတဲ့ စင်တာက ကားပါကင်မှာပဲ ရှင်လာခဲ့"

"မင်းလည်း အခုချက်ချင်း ထွက်လာခဲ့၊ မဟုတ်လို့ကတော့ အဲဒီနားက အမှိုက်ပုံးတစ်ခုခုမှာ ငါပစ်ခဲ့မယ်"

သူ တမင်ပင် ပြောင်ချော်ချော်ဖြင့် ဆိုဖြစ်သည်။

"ရှင် မစော်ကားနဲ့နော်၊ အဲဒီဖုန်း ဘယ်လောက်တန်တယ် ထင်လဲ"

သူမက စူးခနဲ အော်သည်။

"ဘယ်လောက်ပဲတန်တန်ပေါ့ဗျာ၊ ခင်ဗျားအတွက် တန်ဖိုးကြီးပစ္စည်းဆိုပေမယ့်လည်း ကျွန်တော့်အတွက် အသုံးမဝင်တော့လည်း အမှိုက်ပဲပေါ့ဗျာ၊ ခင်ဗျားရဲ့အမှိုက်ကြောင့် ပျော်.. ကျွန်တော်အလုပ်ရှုပ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ ရှင်နဲ့စကားပြောချင်တော့ဘူး၊ ဟိုနေရာက စောင့်နေ၊ ဒါပဲ"

အမိန့်သံဖြင့်ဆိုကာ သူမ ဖုန်းချသွားသည်။ ဘယ်လို ဆက်ပြီး စိတ်တိုရအောင် စရပ်ပါ့ဟု သူတွေးဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဘယ်သွားဦးမလို့လဲ"

"ဒီနားလေးတင်ပါ၊ မေမေ ခိုင်းစရာရှိလို့လား"

အိမ်ပြင်ထွက်ရန်ပြင်နေသော သူ့ကို မေမေ မေးသည်မို့ ပြန်၍ဆိုဖြစ်သည်။

"အေး. . . အတော်ပဲ သား၊ မေမေ့ကားကို ယူသွားလိုက်၊ ကားနောက်ဖုံးထဲမှာ ရန်ကင်းက သားအဒေါ်ရဲ့ပိုက်ဆံ သိန်း သုံးထောင်ရှိတယ်၊ အဲဒါ သား ဝင်ပေးခဲ့လိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် သူ မေမေ့ကား၏ ကားသော့ကိုယူပြီး ကားကိုမောင်းထွက်ခဲ့ဖြစ်သည်။ သူ စောရောက်နေမှဖြစ်မည်။ မဟုတ်လျှင် သူမက ထင်ချင်တာတွေ လျှောက်ထင်နေလိမ့်မည်။

ဘေးမှာချထားသော သူမ၏ဖုန်းကို တစ်ချက်လှမ်းကြည့်ရင်း သူ ပြုံးဖြစ်သည်။ သူမ၏ဖုန်းနံပါတ်ကို သိရန်အတွက် သူမ၏ဖုန်းဖြင့် သူ့ဖုန်းကို ခေါ်ထားသည်မို့ မလုံမလဲတော့ဖြစ်မိသည်။

စင်တာ၏ကားပါကင်မှာ သူ ရောက်ရှိချိန်ထိ သူမက ရောက်မလာသေး။ တစ်မိနစ်ခန့်အကြာမှာတော့ သူမ၏မောင်လေး မောင်းနှင်သော သူမ၏ကား ရောက်လာသည်။ သူသည်လည်း အဝတ်အစားမလဲရသေးသလို သူမတို့သည်လည်း စောစောက အဝတ်အစားနှင့်ပင် ပြန်ရောက်လာသည်။ အိမ်သို့ ပြန်ရောက်သေးဟန်မတူ။

ကားထဲမှာ မထွက်သေးဘဲ သူကြည့်နေဖြစ်သည်။ သူ ဘေးပြောင်းလာသည်မို့ သူမက ဘေးဘီကိုသာ လိုက်ရှာနေသည်။ ပြီး သူမ၏မောင်လေးဆီမှ ဖုန်းကို လှမ်းယူနေသည်ကိုမြင်နေရသည်။

မကြာမီတွင် သူမ၏ဖုန်းက မြည်လာသည်။ အတော်ကြာသည်အထိ ဖုန်းကိုမကိုင်ဖြစ်သေးဘဲ ထားပြီးမှ ဖုန်းကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဒီမှာ. . . ရှင် အခုထိ မရောက်သေးဘူးလား"

"ဪ. . . ခင်ဗျားက ရောက်နေပြီလား"

"ရောက်ပြီ၊ ရောက်ပြီ"

သူမက ဆောင့်ကြီးအောင့်ကြီး ဆိုသည်။

"ကျွန်တော်လည်း ရောက်နေပါပြီ"

"ရှင် အာလူးလာဖုတ်မနေနဲ့၊ အခုထိ ရှင့်ကားနဲ့တူတာ တစ်စီးတောင် မတွေ့သေးဘူး၊ ဒီမှာ လူကို အရူးမလုပ်နဲ့နော်၊ မလာရင်လည်း မလာဘူးပြော"

သူမက ဒေါကန်နေသော လေသံဖြင့် ခပ်မာမာဆိုသည်။

"ခင်ဗျားကိုတောင် မြင်နေရပြီ၊ ခဏလေးနော်၊ ကား ထဲမှာ သီချင်းနားထောင်နေတာနဲ့ ခင်ဗျားလာတာကိုတောင် သတိ မထားမိလိုက်ဘူး"

ပြောပြောဆိုဆိုပင် သူ ကားထဲမှထွက်ကာ ကားတံခါး ကို လိုသည်ထက်ပိုပြီး အသံကျယ်ကျယ်ထွက်ရန် ဝုန်းခနဲပိတ် ဖြစ်သည်။

သူမက ဖုန်းကိုကိုင်လျက် သူ့ဆီလှည့်ကြည့်သည်။ သူမ ၏မောင်က ကားကို မှီထားရာက လက်လှမ်းပြသည်။

ဦး ၊ မိုး ၊ ဝ၁ ၆ ဝ

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ကားပြောင်းလာတာလား၊ ညီလေးက ဟို တားနဲ့လာမယ်ထင်ပြီး ရှာနေတာ"

သူမ၏မောင်က ဖော်ရွေစွာနှုတ်ဆက်သည်။

"အေး. . . ညီလေး"

"နင်ကလည်း လျှာကိုရှည်တယ်၊ ဒရိုင်ဘာဆိုတာ အလုပ် ရှင်မောင်းခိုင်းတဲ့ကားကို မောင်းရမှာပေါ့၊ ကဲ. . . ကဲ. . . ပေး ကျွန်မဖုန်း"

သူမက သူမ၏မောင်ကို လှည့်၍ငေါက်ရင်း သူ့ကိုနှိုပ် တွပ်သည်။ ပြီး တလက်စတည်းပင် 'ပေး. . . ကျွန်မဖုန်း' ဟု ဆိုသည်။

"ရော့"

သူ ကောင်းကောင်းမွန်မွန်ပင် ပေးသည်ကို သူမက ခပ်ဆောင့်ဆောင့်ပင်ယူသည်။ ကျေးဇူးတင်ပါသည်ဟုပင် တစ်ခွန်းမှမဆိုသော သူမကို စိတ်မကောင်းစွာပင် ကျောခိုင်းဖြစ် သည်။ သူမ၏မောင်ကို နှုတ်ဆက်လိုက်ဦးမည်ဟု တွေးမိသေး သော်လည်း နှုတ်မဆက်ချင်တော့။

"ဒီမှာ. . . ရှင် ခဏနေဦး"

ကားဆီပြန်လျှောက်လာသော သူ့ကို သူမက 'နေဦး' ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်း သူ့ကားနားသို့ သူမရောက်လာသည်။ ပြီး လက်ကိုင်အိတ်ထဲမှ ငါးထောင်တန်တစ်အုပ်ကို သူ့ဆီကမ်းပေးသည်။

"ရော့. . . ဒီမှာ ငါးသိန်း၊ ရှင် ဖုန်းပြန်ပေးလို့ ကျွန်မပေးတာ"

သူမ၏စကားကြောင့် သူ ထောင်းခနဲ ဒေါသထွက်သွားမိသည်။ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေချိန်မှာ မေမေမှာလိုက်သော ကားနောက်ဖုံးထဲမှာ သိန်းသုံးထောင်ရှိသည်ဆိုသော စကားကို အမှတ်ရသွားသည်။ ကားပါကင်ထိုးထားသော အနေအထားအရ သူရော သူမပါ ကားနောက်ပိုင်းမှာရှိနေကြသည်။

"ခင်ဗျား ခဏနေဦး"

သူ လက်ကာပြကာဆိုရင်း ကားနောက်ဖုံးကို ဖွင့်ဖြစ်သည်။ ကားနောက်ဖုံးထဲတွင် ပလတ်စတစ်အိတ်အကြည်ဖြင့် ထည့်ထားသော သိန်းသုံးထောင်စလုံးက ငါးထောင်တန်အုပ်တွေချည်းဖြစ်သည်။ သူမက ပိုက်ဆံများကို ကြောင်အမ်းအမ်းလှမ်းကြည့်သည်။

"မင်းပိုက်ဆံ ငါးသိန်းကို မင်းပဲပြန်ယူလိုက်ပြီးတော့ ဒီကားနောက်ဖုံးထဲမှာ သိန်းသုံးထောင်တိတိရှိတယ်၊ မင်းကိုသနား လို့ ဒီပိုက်ဆံတွေ မင်းကို အကုန်ပေးလိုက်မယ်၊ OK လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူ တမင်ပင် ရိသဲ့သဲ့ဆိုလိုက်သည်။ သူမက 'ဘာ' ဟု နီရဲသော ရှက်မျက်နှာဖြင့်ရေရွတ်ရင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်ကာနေသည်။ သူ တမင်ပင် 'ခင်ဗျား' 'ကျွန်တော်' ပြောနေရာက 'မင်း'တွေ 'ငါ'တွေ သုံးပစ်လိုက်သည်။

"မဘာနဲ့၊ ဖုန်းလေးတစ်လုံးပျောက်တာတောင် ပျာယာခတ်နေတဲ့မင်းကို ငါက သနားလို့ပေးတာ၊ ငါက တော်တန်ရုံဆို သနားတတ်တာမဟုတ်ဘူး"

"ရှင်. . . လူပါးဝလှချည်လား၊ ရိုင်းလှချည်လား"

သူမက ဆွေ့ဆွေ့ခုန်ရင်းဆိုသည်။ သူမ၏မောင်က ပြုံးစိစိ လုပ်သည်။

"အရင်ဆုံးရိုင်းတာက မင်းလေ၊ ငါ မအားမလပ်တဲ့ကြားက မင်းဘာသာမင်းကျန်ခဲ့တဲ့ဖုန်းကို ပြန်လည်းလာပေးရသေးတယ်၊ မင်းကလည်း စေတနာကို ငွေကြေးနဲ့ဖြတ်သေးတယ်၊ အဲဒါကကျ ယဉ်ကျေးတာလား"

သူ သူမကို နောက်ချင်နေသည်မို့ စကားနိုင်လုဖြစ်သည်။

"ဟုတ်သားပဲ မမလင်းရယ်၊ မမလင်းက မှားတာလေ၊ အစ်ကို sorry နော်၊ ကျွန်တော်ပဲ ကြားက တောင်းပန်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျာ"

သူမ၏မောင်က ကြားဖြတ်ကာ ဆိုသည်။

"ဘာမှတောင်းပန်မနေနဲ့၊ ပုံစံကိုက မာရေကြောရေနဲ့"

သူမက မျက်စောင်းကြီးထိုးရင်း ပက်ခနဲဆိုသည်။

"စနေတယ်ထင်လို့လား၊ မင်းဆန္ဒရှိရင် ဒီ· သိန်းသုံးထောင်လုံး ယူသွားလို့ရတယ်နော်၊ ဘာလဲ. . . နည်းလို့လား၊ သိန်းသုံးထောင်ဆိုရင် မင်းအခုကိုင်ထားတဲ့ဖုန်းမျိုး အများကြီးဝယ်လို့ရတယ်လေ၊ ဒီသိန်းသုံးထောင်ဆိုတာက ငါ့အတွက် ဘာမှမဖြစ်စလောက်လေးပါ၊ မရှက်နဲ့နော်၊ ယူချင်တယ်ဆို ယူသွား၊ မင်းကို သနားလို့ပေးတာ"

သူ တမင်ပင် ဒေါ်လေးပိုက်ဆံဖြင့် အငှားကြွားဖြစ်သည်။ သူမကတော့ ဘာပြန်ပြောလို့ ပြောရမှန်းမသိဖြစ်ကာ 'တောက်' ခနဲ တက်ခေါက်ရင်း ချာခနဲလှည့်ထွက်ကာ သွားသည်။

သူ တမင်ဖဲ့နေမှန်းသိသော်လည်း သူမဘက်က မှားနေသည်မို့ သူမ၏မောင်က ခေါင်းကိုကုတ်လို့သာနေသည်။

"အစ်ကို သွားပြီနော်၊ ကျေးဇူးပဲ"

"အေး. . . ညီလေး၊ ရပါတယ်"

သူမ၏မောင်က ကားပေါ်တက်ခါနီး ကျေးဇူးစကားဆို



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ရပါတယ်' ဟု သူပြန်၍ဆိုဖြစ်သည်။ သူမကတော့ မျက်စောင်းအခါခါထိုးရင်း သူ့ကို မကျေမချမ်းကြည့်သည်။

သူက ကားနောက်ဖုံးထဲသို့ လက်ညှိုးထိုးပြရင်း မယူဘူးလားဟု အမူအရာလုပ်ပြဖြစ်သည်။ သူမက နှုတ်ခမ်းကိုကိုက်ရင်း ကားပေါ်ပါသွားသည်။

ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်နေသော သူမ၏ပုံစံကြောင့် သူ ရယ်ချင်သွားရသည်။ တကယ်တမ်းကျ သူမက ဒေါသထွက်ချိန်မှာပင်လျှင် လှပပြီး ဆွဲဆောင်မှုပြည့်နေသည်ကိုတော့ သူ ဝန်ခံရမည်ဖြစ်သည်။ နာမည်ပင် အပြည့်အစုံမသိသော သူမကို ရင်ထဲမှာတော့ ဘာလိုလိုဖြစ်နေတာ သေချာကာနေသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



Woman is a torment, but she is worth buying with your life.

မိန်းမတစ်ယောက်သည် ညှင်းပန်းနှိပ်စက်မှုတစ်ခု ဖြစ်သော်လည်း သင့်ဘဝတစ်ခုလုံးနှင့် ပေးဝယ်ရလောက်အောင် အဖိုးတန်၏။

*Indian Proverb*

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ခဏ. . . ခဏ ထပ်ခါ ထပ်ခါ တွေ့ချင်နေတယ်ကွာ၊ သူ့ဖုန်းနံပါတ်ကလည်း ငါ့ဆီမှာရှိတယ်၊ ဒါပေမယ့် ငါတို့ရဲ့ ဇာတ်လမ်းအစက မလှတော့ ဖုန်းလည်းမဆက်ရဲဘူးဖြစ်နေတယ်"

ခေါင်းကိုကုတ်ရင်း ဆိုဖြစ်သည်။

"မင်းကလည်းကွာ မင်းနဲ့အပေါက်အလမ်း မတည့်တဲ့ မိန်းမကို စွဲလမ်းနေစရာလား၊ ကိုယ့်ဟာကိုယ် ခပ်အေးအေးနေပါကွာ"

အာကာက တရားချသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . အာကာ အဲဒီလိုမပြောရဘူးလေ၊ ကိုယ့်သူငယ်ချင်းအကြောင်းလည်း ကိုယ်သိရဲ့သားနဲ့၊ ရဲရင့်ခေတ်သစ်ရဲ့သမိုင်းမှာ မိန်းကလေးဘယ်နှယောက်ကို ဒီလိုပုံစံနဲ့ စွဲမက်ခဲ့ဖူးလို့လဲ ကြည့်ရတာ သူ့ရဲ့ဖူးစာရှင်မို့လို့ ဒီလိုဖြစ်နေတာပဲဖြစ်မယ်"

ယုယက ခေါင်းတညိတ်ညိတ်ဖြင့် ဆိုသည်။

"အထူးသဖြင့် ငါတို့လိုအရမ်းလန်းတဲ့ အရမ်းချောတဲ့ မိန်းကလေးတွေက အပိုးမကျိုးတဲ့ ပုံချိုးနေတဲ့ လူကိုဆိုရင် လှည့်ကို မကြည့်ချင်ဘူး"

ယုယက ပြောင်ချော်ချော်ဖြင့် ဝင်၍ဆိုသည်။

"အရေးထဲမှာ ကြော်ငြာက ဖြတ်ဝင်နေပြန်ပြီ"

အာကာက အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"အဲဒါကြောင့် နောက်ထပ်များဆုံခဲ့ရင် လိုက်လိုက်လျှောလျှော ဆက်ဆံဖို့ လုံးဝမမေ့နဲ့၊ ပြောင်ချော်ချော်သွားမလုပ်နဲ့၊ မိန်းကလေးတွေက ခပ်တည်တည်နေတဲ့ ယောကျ်ားလေးတွေကို ပိုပြီးခိုက်ကြတယ်"

"ဥပမာ ငါ့လိုလူမျိုးပေါ့"

သူဇာ၏ စကားအဆုံးမှာ အာကာက ဝင်၍နေခဲ့သည်။

"တစ်ခုတော့ရှိတယ်၊ ဒီနည်းက တော်တော်လေးရှိုးနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့်လည်း သုံးလို့တော့ ရဦးမှာပါ၊ ဖုန်းနံပါတ်မှားပြီး ဆက်မိသလိုလိုနဲ့ ဝင်ရောကြည့်ရင်ကောကွာ၊ အဲဒါကို ဘယ်လိုသဘောရလဲ"

သူ အာကာတို့သုံးယောက်ကို ကြည့်ရင်း ဆိုဖြစ်သည်။

"ငါကတော့ အဆင်ပြေမယ်မထင်ဘူး"

ယုယက ခေါင်းကိုခါရင်း ဆိုသည်။

"ဘာဖြစ်လို့လဲ. . . အဲဒီနည်းက ဟောင်းပေမယ့် ကောင်းပါတယ်"

သူဇာက ယုယကို မေးခွန်းထုတ်ရင်း ကောင်းပါတယ်ဟု ဆိုသည်။

"ဘာဖြစ်လို့ အဆင်မပြေလောက်ဘူးလို့ ထင်တာတုန်း"

အာကာက ယုယကိုဆိုသည်။

"ဒီလိုဟ. . . ရဲရင့်ပြောသလိုဆိုရင် ကောင်မလေးက အတော်လေး မာနကြီးမယ့်ပုံပေါက်တယ်၊ ပြီးတော့ စိတ်က လည်း နည်းနည်းဆတ်တယ်မဟုတ်လား၊ ဒီလိုမိန်းကလေးမျိုး ဆိုတာက သူနဲ့ရင်းနှီးပြီးသား မဟုတ်တဲ့ သူစိမ်းတစ်ယောက်ကို လွယ်လွယ်နဲ့ အရောဝင်ခံပါ့မလား၊ သူ့နေရာမှာ ငါသာဆိုလည်း ဘယ်သူမှန်း ဘယ်ကမှန်းမသိတဲ့ လူတစ်ယောက်ကို ခဏခဏ ဖုန်းလက်ခံပြော



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မရှိဘူး"

ယုယက အကျိုးသင့်အကြောင်းသင့်ကို အေးအေးဆေး ဆေးပင် ပြောပြသည်။

"ဟိုတစ်ခေါက် စာရေးဆရာမနဲ့ ကိစ္စကတည်းက ဝေလစကားပုံတစ်ခု မင်းကိုငါပြောပါတယ်၊ မကျေနပ်သမျှ ပြောချင်တာပြောပြီးတာနဲ့ သူမကို သွားခွင့်ပြုလိုက်ပါ"ဆိုတာ လေ၊ မင်းသာ ဖက်ပြီးရန်မဖြစ်ထားရင် ဒီအချိန်မှာ မင်းရုပ်မင်း ရည်၊ မင်းအလုပ်အကိုင်နဲ့ လုံးဝကို သာသာယာယာပဲ"

အာကာက မချင့်မရဲဖြင့်ဆိုသည်။

"စိတ်ထဲမှာ အရမ်းကြီးလည်း ထည့်ထားမနေပါနဲ့၊ ငါ စောစောကပြောသလို ဖူးစာမှန်ရင်တော့ မဖြစ်မနေ တွေ့ဦးမှာ ပါ"

သူဇာက ခေါင်းကိုညိတ်ကာ ညိတ်ကာဖြင့် ဆိုသည်။

"မဟားတရားကြီး စွဲလမ်းနေတာမျိုး မဟုတ်ပေမယ့် လည်း မကြာခဏတော့ သတိရရနေတယ်၊ ဟုတ်တယ် ဒီတစ်ခါ တွေ့ရင်တော့ အတတ်နိုင်ဆုံး အလျှော့ပေးပြီး ဆက်ဆံမယ်ကွာ"

မသေချာသော မျှော်လင့်ချက်ဖြင့် သူရေရွတ်ဖြစ်သည်။

"ရောဂါကတော့ ရင့်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ယုယက သူ့ကိုကြည့်ရင်း ရွှတ်နောက်နောက်ဆိုသည်။ သူ ဘာမှပြန်မပြောဖြစ်ဘဲ ပြုံး၍သာနေဖြစ်၏။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



A man is needed for a day, a dog for a week a woman always.

ယောကျ်ားတစ်ယောက်ကို တစ်ရက်သာလိုအပ်၍ ခွေးတစ်ကောင်ကို တစ်ပတ်သာလိုအပ်ပြီး မိန်းမတစ်ယောက်ကိုတော့ အမြဲလိုအပ်၏။

*Finish Proverb*

× × × ×

www.burmeseclassic.com

ဦ ၊ မို ၊ ၁ ၁ ၈ ပ

www.burmeseclassic.com



"ယောကျ်ားတစ်ယောက်ကို တစ်ရက်ပဲလိုတယ်၊ ခွေးတစ်ကောင်ကို တစ်ပတ်ပဲလိုပြီး မိန်းမတစ်ယောက်ကို အမြဲတမ်းလိုအပ်တယ်ဆိုတဲ့ စကားပုံရှိတယ်၊ ပြောချင်တဲ့ အဓိပ္ပာယ်တတော့ အဖော်တွေ ဘယ်လောက်ပဲကောင်းကောင်း၊ ဘဝလက်တွဲဖော်လိုတော့ အမြဲမကောင်းနိုင်ဘူးကွ၊ ဖေဖေ့မှာ မင်းမေမေလို ဘဝလက်တွဲဖော်ကောင်း ရှိသလိုမျိုးပေါ့ကွာ"

"ဘာမှမဆိုင်ဘူး"

ဖေဖေ့စကားအဆုံးမှာ မေမေက မှတ်ချက်ချသည်

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမကလည်း ဒီကောင့်ကို တိုက်တွန်းပါကွာ၊ ဒီကောင်မိန်းမရမှ ကိုယ်တို့က မြေးချီရမှာ၊ သားကလည်း အဲဒီ စီမံကိန်းကို ခေါင်းထဲထည့်ထားစမ်းကွာ၊ ဖေဖေက ပင်စင်ယူပြီး ရင် ကလေးထိန်းချင်တာကွ"

ဖေဖေက သူတို့သားအမိနှစ်ယောက်စလုံးကို တိုက်တွန်း မှုပြုသည်။

"ဖေဖေကလည်းဗျာ အသက်အရွယ်ရလာရင် တရား အလုပ် အားထုတ်ချင်တယ်လို့ပြောတဲ့ လူတွေပဲ တွေ့ဖူးပါတယ်၊ ဖေဖေ့ကြမှ ကလေးထိန်းချင်တယ်လို့၊ သံယောဇဉ်တွေက များလေရှုပ်လေ မဟုတ်ဘူးလား"

"ဟကောင်. . . အဖေ့ကို ဆရာမလုပ်နဲ့၊ ကလေးထိန်း ရင်းနဲ့လည်း တရားဆိုတာ မှတ်လို့ရတယ်ကွ"

"ကဲပါ. . . သားအဖနှစ်ယောက် ငြင်းမနေကြတော့နဲ့၊ ကဲသား မေမေ မနေ့ကပြောထားတဲ့ကိစ္စလေ၊ မေမေ့သူငယ်ချင်း က လုံးချင်းလေးဆောက်ချင်တာ၊ လက်ရှိခြံရဲ့ အကျယ်အဝန်းနဲ့ ဘယ်လိုဆောက်ရင်ကောင်းမလဲဆိုတာကို လာကြည့်ပေးပါဆို တာလေ"

"ဪ. . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပြောထားပြီးသားကိစ္စမို့ သူ ခေါင်းညိတ်ဖြစ်သည်။

"အဲဒါ ခဏနေရင် သွားကြည့်ရအောင်၊ တစ်လက်စတည်း မေမေပြောထားမယ်နော်၊ သူ့မှာ သမီးလေးရှိတယ်၊ သားလေးလာကြည့်လိုက်၊ မေမေတို့က ပြောမနာဆိုမနာတွေဆိုတော့ ပြဿနာမရှိဘူး၊ သူတို့က ရန်ကုန်ပြောင်းလာတာ မကြာသေးဘူး၊ ပြန်မတွေ့ဖြစ်တာကြာပြီ၊ အဲဒါ သားဘက်က ကြည့်လိုက်လို့ သားသဘောကျတယ်ဆိုရင် မေမေက သူငယ်ချင်းနဲ့ သားရေးသမီးရေး ဆွေးနွေးလိုက်မယ် ဟုတ်ပြီလား"

"ခေတ်ရှင်တွေထဲကလိုတော့ အတင်းကြီးမလုပ်ဘူးမဟုတ်လား"

သူ မေမေ့ကို အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

"မပူနဲ့၊ ခေတ်ရှင်တွေထဲကလို နှလုံးရောဂါတို့ ဘာတို့အကြောင်းပြပြီး သားသမီးချင်းပေးစားရအောင်က မေမေရော မေမေ့သူငယ်ချင်း ဆွေဆွေရော ဘာရောဂါမှ မရှိဘူး"

မေမေက ရယ်ရင်း ပြန်၍ဆိုသည်။

"သားက ဟိုတစ်နေ့ကပြောပြတဲ့ ကားမှားပြီးလာဝင်ထိုင်တဲ့ ကောင်မလေးကိုပဲ ချစ်ချင်တာဗျ"

www.burmeseclassic.com

www.burmeseclassic.com



စွာတေးလန်မလေးအကြောင်းကို ရယ်စရာအဖြစ် တစ်နေ့က မေမေတို့ကို ပြောပြထားသည်မို့ ဖေဖေရော မေမေပါ သူမကားမှားသည့်ကိစ္စကို သိထားကြသည်။

"စိတ်ကူးယဉ်မနေပါနဲ့ သားရယ်၊ လက်တွေ့ဆန်စမ်းပါ၊ မင်းမေမေရဲ့ သူငယ်ချင်းသမီးကို ကြည့်လိုက်၊ အဆင်မပြေရင် ဖေဖေ့သူငယ်ချင်းတွေထဲမှာ သမီးမွေးထားတဲ့လူတွေ တစ်ပုံကြီး ရှိသေးတယ်၊ ဖေဖေ မိတ်ဆက်ပေးမယ်၊ သားကိုယ်တိုင်ကလည်း တစ်ဖက်က ကြိုက်တာတွေ့လာခဲ့ရင်ပြော၊ ကဲ အဆင်မပြေဘူး လား"

ဖေဖေက တက်ကြွစွာဆိုသည်။

"ကဲပါ အဲဒါနဲ့ပဲ သွားဖို့ကနောက်ကျတော့မယ်၊ လာ သား မေမေတို့သွားရအောင်"

မေမေက ပြောပြောဆိုဆိုပင် ထ၍ရယ်သည်။ သူပါ ထရပ်ဖြစ်သည်။ ဖေဖေကတော့ ကိုရီးယားကားများထဲကလို 'ကြိုးစားထား'ဟု လက်သီးဆုပ်ကာပြ၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့သူငယ်ချင်းက သူ့အိမ်နဲ့ကပ်လျက်ရှိနေတဲ့ မြေကွက်အလွတ်ကို ဝယ်ထားတာ အိမ်က အဲဒီမှာပဲဆောက်မှာ၊ သူတို့ကဖြစ်နိုင်ရင် အိမ်ရဲ့အနောက်ဘက်မှာ ရေကူးကန်လေးပါ ထည့်ချင်တာတဲ့၊ ညာဘက်ကိုချိုးလိုက် သား"

မေမေက ကားလမ်းကိုညွှန်ရင်း တစ်လက်စတည်း ရှင်းပြတာနေသည်။

"အေး . . အိမ်နံပါတ် ၅၄၀၊ ဟုတ်ပြီ ဒီအိမ်ပဲသား"

ဝင်းတံခါးဖွင့်ထားသည်မို့ သူမောင်းဝင်ခဲ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တစ်နေရာမှာတွေ့သော ကားတစ်စီးကိုကြည့်ရင်း သူ လှပ်ခနဲ ရင်ခုန်သွားမိသည်။

ကားနံပါတ်ကို ကြည့်မထားမိသည်မို့ အတိအကျ မမှတ်မိ သော်လည်း စွာတေးလန်၏ကားများလားဟု တွေးမိသည်။ ကားက ယခု သူတို့သားအမိစီးလာသောကားနှင့် တစ်ပုံစံတည်း။ သူ ရင်ခုန်သံတော့ အနည်းငယ် မြန်ကာလာသည်။

"ဟော. . . ရောက်လာပြီလား၊ လာ လာ သူငယ်ချင်း၊ လာ သား"

မေမေ့သူငယ်ချင်း ဖြစ်ဟန်တူသော အန်တီကြီးက ထွက်၍ကြိုသည်။ ညှော်ခန်းထဲရောက်သည်အထိ သူ့မျက်လုံးတွေ က ဟိုဟိုဒီဒီလျှောက်ကြည့်ဖြစ်သည်။ များသောအားဖြင့်တော့ မိသားစုဓာတ်ပုံ၊ ဒါမှမဟုတ် ဘွဲ့ဓာတ်ပုံ စသည်တို့ကို ချိတ်ဆွဲထား တတ်သည်ကိုး။

"ဘာဓာတ်ပုံမှလည်း ချိတ်မထားပါလား၊ ကြည့်ရတာ စွာတေးလန်မလေးရဲ့ အိမ်များလားလို့ ငါစိတ်ကူးယဉ်မိပြီနဲ့တူ တယ်"

ဟိုဟိုဒီဒီ နံရံများကို လိုက်ကြည့်ရင်း သူတွေးမိသည်။

"ထိုင် သူငယ်ချင်း၊ သားလေး ထိုင်ထိုင်၊ ငါ့သူငယ်ချင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားက လူချောပဲ၊ အမေတူလို့နဲ့တူတယ်"

"စိတ်ချပါ အန်တီ၊ အန်တီတို့အိမ်ကို အကျိုးအမြတ်မယူဘဲ သားဆောက်ပေးမှာပါ၊ ချောတယ်လို့ပြောတဲ့အတွက်ပေါ့"

သူ့စကားကြောင့် အားလုံးရယ်ဖြစ်ကြသည်။

"အိမ်ဆောက်ဖို့ကတော့ သမီးပဲ စီစဉ်ပေးလိမ့်မယ် သားရေ၊ သူက အင်တာနက်မှာ ကြည့်ထားတဲ့ပုံတွေရော ဘာတွေရော သားကို မူးနေအောင်ပြလိမ့်မယ်၊ ပြီးတော့ သူက ဂျီးများတယ်"

"ဟုတ်ကဲ့. . . စိတ်တိုင်းကျဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်အန်တီ"

သူပြုံးပြရင်း ဆိုဖြစ်သည်။ အခုထိ အန်တီကြီးနှင့် မုန့်တွေ အအေးတွေလာချပေးသော အိမ်အကူကောင်မလေးကလွဲ၍ ဘယ်သူ့ကိုမှ မတွေ့သေး။

"အိမ်ကအမျိုးသားက ကုမ္ပဏီကိုသွားတယ်၊ သားနဲ့သမီး က မင်္ဂလာဆောင်တစ်ခုသွားတယ်၊ ဟော ပြောရင်းဆိုရင်း လာပြီ ထင်တယ်"

အိမ်ရှေ့မှကားသံကြောင့် အန်တီက 'လာပြီထင်တယ်' ဟု ဆိုသည်။ အိမ်အဝင်ဝကို ကျောပေးထိုင်မိထားသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို အပြစ်တင်ရင်း သူလှည့်ကြည့်ရကောင်းနိုး လှည့်မကြည့်ရကောင်းနိုး ဖြစ်နေမိသည်။

"လာ. . . သမီး ဒီမှာ ညှိသည်တွေတောင် ရောက်နေပြီ"

"မေမေ့သားက ဘောလုံးအကျီဝင်ဝယ်နေလို့ ကြာနေတာမေမေရေ"

ကြားရသောအသံကြောင့် သူ ရင်တွေဒိန်းခနဲ ဖြစ်ကာ သွားသည်။ လူကိုမမြင်ရသေး၍ မသိသော်လည်း အသံကတော့ စွာတေးလန်မလေး၏ အသံပဲဖြစ်သည်။

"ဆွေဆွေ့သမီးနဲ့ သားကလည်း အချောစားလေးတွေပါလား"

"အန်တီ ထမင်းစားပြီးမှ ပြန်ရမယ်နော်၊ သမီးက ချောတယ်လို့ပြော"

မေမေ့စကားကို ပြန်၍ဆိုနေသော သူမက မေမေ့ဘေးမှာထိုင်နေသော သူ့ကိုမြင်သောအခါ စကားတို့ တစ်ဝက်တစ်ပျက်ဖြင့် ရပ်ကာသွားသည်။ သူကတော့ ရင်ခုန်သံတွေ ခေတ္တမျှရပ်ကာသွားပြီထင်သည်။

"သမီးကို ချောတယ်လို့ပြောတဲ့လူကို ထမင်းပါကျွေးရမှ

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တာ အန်တီရဲ့၊ အန်တီသားကို ပြန်လွှတ်ချင်လွှတ်လိုက်လေ၊ နေ့လယ်စာရော ညနေစာပါ စားပြီးမှပြန်”

သူမက ဟန်မပျက်ပင်ဆိုသည်။

“ဟာ. . . ဟိုအစ်ကိုပါလား”

သူမ၏မောင်က အခုမှ သူ့ကိုမြင်ပြီး ထရှဲအော်သည်။

“ဘယ်အစ်ကိုတုန်း သားရဲ့”

အန်တီကြီးက မေးသည်။ သူမ၏မောင်လေးကို သူပြုံးပြဖြစ်သည်။

“ဟိုတစ်ခေါက်က မမကားမှားပြီး သွားထိုင်တဲ့အကြောင်း မေမေ့ကို သားပြောပြသေးတယ်မဟုတ်လား၊ ဖုန်းကျန်ခဲ့တဲ့အကြောင်းလေ၊ အဲဒီအစ်ကိုပေါ့”

သူမရော သူပါ ရှက်အမ်းအမ်းတွေ ဖြစ်နေကြသည်။

“ဒါဖြင့် မိတ်ဟောင်းဆွေဟောင်းတွေပေါ့၊ သားကလည်း အဲဒီအကြောင်းပြောပြလို့ အိမ်မှာရယ်ဖြစ်ကြသေးတယ်”

မေမေက သူ့ကို အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်ရင်း ဆိုသည်။ အားလုံးက ဘာရယ်မဟုတ် ရယ်ဖြစ်ကြသည်။

“ချဲလ်ဆီးကြိုက်တဲ့ ဘော်ဒါတစ်ယောက် တိုးပြီပေါ့”

သူမ၏မောင်လေးက သူ့ကိုပြုံးပြရင်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ညီလေးရ"

သူပြန်ပြုံးပြရင်း ဆိုဖြစ်သည်။ သူမတို့မောင်နှမ နှစ်ယောက်က ထိုင်ခုံများမှာ အသီးသီးဝင်ထိုင်ကြသည်။

တိုက်လည်းတိုက်ဆိုင်လွန်းပါလား စာရေးဆြာရယ်၊ အဲလေ. . .ကံတရားရယ်ဟု သူ ကျေကျေနပ်နပ်တွေးဖြစ်သည်။

"ကဲလာ. . . မိတ်ဆက်ပေးဖို့မလိုတော့ပေမယ့်လည်း လူချင်းသိပေမယ့် နာမည်ချင်းသိအောင် မိတ်ဆက်ပေးမယ်၊ အန်တီ့သမီးရဲ့နာမည်က လင်းလက်ဝတီတဲ့၊ သားနာမည်က မင်းဝဏ္ဏကျော်"

"ဆွေဆွေသားနဲ့သမီးက လူတင်မကဘူး နာမည်ပါလှ တယ်တော့၊ သားရဲ့နာမည်က ရဲရင့်ခေတ်သစ်တဲ့"

မေမေက အန်တီကြီး၏ စကားအဆုံးမှာ ပြန်၍မိတ်ဆက် ပေးသည်။

"အစ်ကို့နာမည်ကလည်း လူလိုပဲ လန်းပါတယ်ဗျ"

"ညီလေးက အမှန်တွေပဲ ပြောတတ်ပုံရတယ်၊ မုန့်ကျွေး ဦးမယ်"

သူ့စကားကြောင့် အားလုံးရယ်ဖြစ်ကြသည်။

"ကဲ ကဲ စကားပြောလို့တော့ ကောင်းတယ် သမီးက



www.burmeseclassic.com

www.burmeseclassic.com



တိုဘက်ခြံကို လိုက်ပြလိုက်ဦး၊ ခဏနေရင် ထမင်းစားရအောင်"

"ဟုတ်"

အန်တီကြီး၏ စကားကို သူမက ခေါင်းညိတ်သည်။

"နှစ်ယောက်သား ရန်မဖြစ်ကြနဲ့နော်"

ညီလေး၏ အရွှမ်းဖောက်မှုကြောင့် အားလုံးက ရယ်ဖြစ်ကြသည်။ သူမရောသူပါ ရှက်ရှက်ဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်ဖြစ်ကြသည်။

"လာ. . . ကိုရဲရင့်ခေတ်သစ်"

"ရဲရင့်လို့ပဲခေါ်ပါ. . . လင်းလက်ဝတီ၊ ဘော်ဒါတွေ ခေါ်ကြသလိုပေါ့"

"ဒါဖြင့် ကျွန်မကိုလည်း လင်းလက်လို့ပဲခေါ်"

"အိုကေ"

ဘာရယ်မဟုတ် နှစ်ယောက်သား လမ်းလျှောက်လာရင်းက ရယ်ဖြစ်ကြသည်။ ဒီလိုကျပြန်တော့လည်း သူမက နူးနူးညံ့ညံ့ ရှိကာ ချစ်စရာကောင်းနေပြန်သည်။ စွာတော့လည်း စွာတေးလန် တဲ့အလျောက် ချစ်ဖို့ကောင်းတာပါပဲလေဟု သူတွေးဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com

## ၁၈ ပြုံးရှင်နှင့်ဆိုင်

"ဖုန်းကို ဖေဖေက မွေးနေ့လက်ဆောင် ဝယ်ထားပေးတာလေ၊ နံပါတ်ကလည်း သုံးနေကျနံပါတ်၊ အဲဒါနဲ့ပဲ ရုတ်တရက်ဆိုတော့ ထူပူပြီးပြောလိုက်မိတာ၊ Sorry နော် ကိုရဲရင့်"

"အာ. . . ရပါတယ် လင်းလက်ရဲ့၊ အစ်ကိုကလည်း စမိနောက်မိခဲ့တာကိုး၊ လင်းလက်နေရာမှာ တခြားကောင်မလေးသာဆိုရင်လည်း စိတ်ဆိုးမှာပါပဲ"

သူ ရယ်ကျဲကျဲဖြင့် ပြန်၍ဆိုမိသည်။

"အလုပ်ကိစ္စတွေကို အဲဒီဖုန်းနဲ့ပဲလုပ်သလို သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ကလည်း ဒီဖုန်းနဲ့ပဲ ပြောဖြစ်နေတာဆိုတော့ တစ်ရက်လေး တောင် ဖုန်းမရှိလို့ အဆင်မပြေဘူး။ ကံကောင်းတာက ကိုရဲရင့်ဆီ ဖုန်းရောက်နေတဲ့အချိန်က အလုပ်ကိစ္စဖုန်းတွေဘာတွေ ဝင်မလာ လို့ တော်သေးတယ်"

"အင်း. . . ဟုတ်တယ်နော်၊ ဒါနဲ့ အခုရော ကားမှားပြီး ဝင်ထိုင်ဖြစ်သေးရဲ့လား"

"ဟင့်အင်း. . . မထိုင်ဖြစ်တော့ဘူး"

ပြောရင်း နှစ်ယောက်သား ရယ်ဖြစ်ကြသည်။

"ဒီအကျယ်အဝန်းနဲ့ဆိုရင် ××××××"

သူနှင့်သူမ ခြံကိုကြည့်ရင်း အလုပ်ကိစ္စပြောဖြစ်ကြသည်။

"လင်းလက်ရဲ့ ဖုန်းနံပါတ် ကိုယ့်ကိုပေးထားလေ၊ တိုင်ပင် စရာရှိရင် လှမ်းပြောလို့ရတာပေါ့"

"ဟုတ်. . . ဖုန်းနံပါတ်က ဝ၉. . . . "

သူနှိပ်ချင်ယောင်ဆောင်ပြီး ဖုန်းခေါ်ဖြစ်သည်။ တကယ် တမ်းကျ သူမ၏ဖုန်းနံပါတ်က သူ့ဆီမှာ ရှိပြီးသားဖြစ်သည်။

"အခုဝင်တဲ့နံပါတ်က အစ်ကို့ဖုန်းလေ၊ မှတ်ထားလိုက် ပေါ့"

"ဟုတ်. . . ကိုရဲရင့်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းညိတ်သည်။ သူ့ရင်ခုန်သံတွေက မြန်ကာလာသည်။ တရားဝင် ဖုန်းဆက်ခွင့်ရပြီမို့ သူပျော်နေသည်ကတော့ အမှန်ပဲဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



**Woman, wind, and luck soon change.**

**မိန်းမ၊ လေနှင့် ကံတရားတို့သည် အပြောင်းအလဲမြန်၏။**

***Portuguese Proverb***

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲကွာ"

သူ ဖြစ်သမျှအကြောင်းကုန်ကို ဇာတ်စုံခင်းပြဖြစ်သည်။

"ငါကြားဖူးတဲ့ ပေါ်တူဂီစကားပုံတစ်ခုလို ဖြစ်နေပြီ"

အာကာက စကားကြီးစကားကျယ်ဆိုသည်။

"သူ ကျက်မှတ်ထားသမျှတွေ ပြန်ရွတ်ပြတော့မယ်၊ သည်းခံပြီးနားထောင်ပေးလိုက်ကြ၊ သူလည်း အကွက်ဆိုက်တုန်း ပြောရတာ"

ယုယက ပေါ်တင်ကြီး နှိုပ်ကွပ်သည်။ အရေးထူနေပြီမို့



www.burmeseclassic.com

www.burmeseclassic.com



အာကာကတော့ အေးအေးဆေးဆေး။

"သစ်ပင်မြင့်တော့လည်း လေတိုက်တာပေါ့ဟာ၊ တဲ ပြော ပြော အာကာ"

သူဇာက စကားလမ်းကြောင်းပေးသည်။

"ဒီလိုဟ. . . မိန်းမ၊ လေနဲ့ ကံတရားဆိုတာ အပြောင်း အလဲမြန်တယ်တဲ့၊ အခု ဟိုစွာတေးလန်မလေးလည်း အဲဒီလိုပဲ မဟုတ်လား၊ ဒီကောင်နဲ့ စတွေ့တုန်းကတော့ တစ်မျိုး၊ ဟော အခုတစ်မျိုး၊ တော်တော်ကြာ နောက်ထပ်တစ်မျိုး ဖြစ်ချင်ဖြစ်နေ ဦးမှာ"

"ဘာမှမဆိုင်ဘူး ငါ့ကောင်"

အာကာ့စကားအဆုံးမှာ သူဆိုဖြစ်သည်။

"ပြောပါစေ. . . သူလည်းအကွက်ဆိုက်တုန်း ကျက်ထား မှတ်ထားသမျှလေးတွေ ရွတ်ပြရတဲ့ဥစ္စာ"

ယုယက ထုံးစံအတိုင်း ရေရွတ်၍ နှိပ်ကွပ်သည်။

"ဘာပဲဖြစ်ဖြစ်လေ. . . အခြေအနေကပေးလာပြီ၊ အခြေအနေပေးတုန်း ရပိုင်ခွင့်ကို ရအောင်ယူထားနော်၊ တော်ကြာ နေ နောက်မှ နောင်တရနေမယ်၊ ဖုန်းကော ဘယ်နှခါဆက်ပြီး ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com

မြရာဇာကိုင်

"နှစ်ခါ"

သူဇာ၏အမေးကို သူ လက်နှစ်ချောင်းထောင်ရင်း ဖြေဖြစ်သည်။

"ညွှံတာပေါ့၊ Message ကော ဘယ်နှခါပို့ပြီးပြီလဲ"

"နှစ်ခါ"

ယုယ၏အမေးကို သူလက်နှစ်ချောင်းထောင်ရင်း ဆိုဖြစ်သည်။ အာဘာက 'ညွှံပါ့ကွာ'ဟု မှတ်ချက်ပြုသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ညွံ့ပုံ့ငါ့သားရာ ကိုယ်ကြိုက်နေတဲ့ ကောင်မလေးနေတဲ့ နေရာကိုလည်းသိပြီ၊ ဖုန်းနံပါတ်လည်းသိပြီ၊ ပြီးတော့ အလုပ်ကိစ္စ အကြောင်းပြစရာကလည်း အများကြီး၊ အဲဒါကိုတောင် ခုထိ အခြေအနေက မတိုးတက်သေးဘူးလား"

ဖေဖေက မချင့်မရဲဖြင့်ဆိုသည်။

"မပူပါနဲ့ရှင်. . . ကျွန်မနဲ့ ဆွေဆွေနဲ့က အမြဲတမ်း contact ရှိပြီးသားပါ၊ သူ့သမီးက ရည်းစားမရှိသေးဘူးဆိုတာထက် ရည်းစားကိုမထားဖူးသေးတာတဲ့၊ ကျွန်မကလည်း သားက

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတော့ထားဖူးတယ်၊ ဒါပေမယ့် အခုရည်းစားမရှိဘူးလို့ အမှန်အတိုင်းပြောထားတယ်"

မေမေက သူ့ကိုလှမ်းကြည့်ရင်း ဆိုသည်။

"မင်းသူငယ်ချင်းက သဘောတူတယ်တဲ့လား"

ဖေဖေက မေမေ့ကို မေးငေါ့ရင်းမေးသည်။

"သူကတော့ သဘောတူတယ်တဲ့၊ ဒါပေမယ့် သူ့သမီးရဲ့ သဘောပဲတဲ့၊ သူ့သမီးဘက်က မီးစိမ်းပြရင် အခုအသစ်ဆောက်တဲ့အိမ်ကို သူတို့အတွက် လက်ဖွဲ့ပေးမယ်ဆိုပဲ"

မေမေက သူ့ဘက်လှည့်ကြည့်ရင်းက ဆိုသည်။

"ကဲ. . . အရပ်လည်းကူတယ်၊ လူကလည်း ဝိုင်းပေးတယ်၊ ဒီလောက်အခြေအနေကောင်းနေတာကို အဖြစ်ရှိအောင် မလုပ်နိုင်ရင် မင်းညံ့လို့ပဲ"

ဖေဖေက အားမလိုအားမရဖြင့် ဆိုသည်။

"ဩော်. . . မင်္ဂလာပါနဲ့ရှင်၊ ကျွန်မသားက ရှင့်လိုမညံ့ပါဘူး"

"ဘာကွ. . . ငါလားညံ့မှာ၊ ငါ သူ့အရွယ်တုန်းကဆိုရင် လေ ကောင်မလေးတွေကို ဝိုင်းလို့၊ ရည်းစားဆိုတာ ဟောတစ်ယောက် ဟောတစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဘာ"

ဖေဖေ့စကားမဆုံးခင်မှာ မေမေက 'ဘာ'ဟုဆိုသည်။

"ဩော်. . . ဒီလိုပါကွာ၊ ဟောတစ်ယောက် ဟော တစ်ယောက် ထားနိုင်ပေမယ့် မထားခဲ့တာလို့ ပြောမလို့ပါကွ"

ထုံးစံအတိုင်း ဖေဖေ့စကားက အဖျားရှူးကာသွားသည်။

"ရှင့်ဘေးမှာ ဝိုင်းဝိုင်းလည်နေတယ်ဆိုတဲ့ မိန်းမတွေထဲမှာ ကျွန်မမပါဘူးနော် သိလား၊ သား မင်းဖေဖေကို မေမေက နှစ်နှစ်လောက် အချိန်ဆွဲလေ့လာပြီးမှ အဖြေပေးခဲ့တာ၊ ဒါတောင် အဖြေမရရင် သေမလိုဖြစ်နေလို့ အားနာပါးနာနဲ့ပေးလိုက်တာ၊ မဟုတ်ရင် သုံးနှစ်သုံးမိုးစောင့်ပဲ"

မေမေ့စကားကြောင့် ဖေဖေက မျက်နှာကြီး မဲ့ကာသွားသည်။

"မင်း ငါ့ကိုချစ်ရဲ့သားနဲ့ အချိန်ဆွဲနေမှန်း သိသားပဲ"

"တော်ပါ. . . ကလေးရှေ့မှာ ဘာတွေပြောနေတာလဲ"

မေမေက ဖေဖေ့ကိုဟန့်သည်။

"သားတို့ခေတ်က အင်တာနက်ခေတ်ပဲကွာ၊ ကောင်မလေးကလည်း မင်းကို မြန်မြန်လေ့လာ၊ မင်းကလည်း မြန်မြန် လေ့လာပေါ့၊ ပြီးတော့ မြန်မြန်လက်ထပ်၊ ဖေဖေတို့လည်း ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ခြေးချိ၊ ကဲ မကောင်းဘူးလား"

ဖေဖေကပြောရင်း တဟားဟားရယ်သည်။

"မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး ကလေးချီချင်ရတာကအမေ့ဟာ"

မေမေက ဖေဖေ့ကို မျက်စောင်းထိုးရင်း ဆိုသည်။

"အဲဒါကြောင့် မင်းရဲ့သားကို မုန့်ဆီကြော် မြန်မြန်ကြော်ခိုင်းနေတာပေါ့ကွ၊ ငါ့သားရေ မြန်မြန်ကြော်လိုက်စမ်းပါကွာ၊ ဟား. . . ဟား"

ဖေဖေကတော့ ရယ်ပြီးရင်းရယ်သည်။

"ကြော်မယ်ဖေဖေရေ. . . ကြော်မယ်"

ဟု စိတ်ထဲကနေ သူ ကြိမ်းဝါးဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

သူမ၏အသံက ချိုရှရှရှိသည်။ သူ့ရင်ထဲမှာ ဆူဝေတောလာသည်။

"လင်းလက်ကို အစ်ကိုဖုန်းဆက်နေတာကြာပြီ၊ ဖုန်းက busy ဖြစ်နေလို့"

"ဟုတ်တယ် . . . သူငယ်ချင်းနဲ့ ပြောနေလို့"

"ယောကျ်ားလေးသူငယ်ချင်းလား၊ မိန်းကလေးသူငယ်ချင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပြပါဘူး"

သူမဆိုသော 'မပြောပြပါဘူး'က ခပ်ချွဲချွဲလေးမို့ သူ ရင်တွေပိုခုန်လာသည်။ သူဘာဆက်ပြောရမှန်းမသိ။

"ဘာကိစ္စရှိလို့လဲ"

သူမက အမေးရှိသည်။

"ဟိုကွာ. . . အစ်ကိုပေးထားတဲ့ အိမ်ဒီဇိုင်းတွေထဲက လင်းလက်ကြိုက်တဲ့ပုံရွေးပြီးပြီလားလို့ မေးမလို့"

"ဪ. . . ရွေးနေတယ်အစ်ကိုရဲ့၊ ပြီးရင် ဖုန်းဆက်လိုက်မယ်လေ၊ ဒါပဲမဟုတ်လား ဖုန်းချလိုက်တော့မယ်နော်"

သူမက ညစ်ကျယ်ကျယ်ဆိုရင်း ဖုန်းချမယ်ဟုဆိုသည်။

"အာ. . . နေပါဦး၊ အစ်ကို စောစောကမေးတာ ဖြေဦးလေ"

"ဘာကိုလဲ"

သူမ၏ 'ဘာကိုလဲ'က ချွဲလွန်းသည်မဟုတ်သော်လည်း နားထောင်၍ အဆင်ပြေလွန်းသည်ကတော့ အမှန်ပဲဖြစ်သည်။

"ဖုန်းအကြာကြီးပြောနေတာ ယောကျ်ားလေးလား၊ မိန်းကလေးလား"

"ဪ. . . စောစောကပဲ လင်းလက်ဖြေပြီးပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူးလို့"

"ရင်ပူတယ်ကွာ"

"အံမယ်. . . ဘာဆိုင်လို့လဲ၊ ဘယ်သူက ရင်ပူခိုင်းလို့လဲ၊ ရှက်လည်းမရှက်ဘူး၊ ဒါပဲနော် ဖုန်းချလိုက်ပြီ"

သူမက အနိုင်နှင့်ပိုင်းကာ ဖုန်းချသွားသော်လည်း သူက တော့ ရင်တွေပူရင်း ကျန်ခဲ့သည်။ ဖုန်းပြန်ခေါ်ကြည့်တော့ သူမက ဖုန်းပိတ်ကာထားသည်။ သူ သက်ပြင်းမောကို 'ဟင်း'ခနဲချဖြစ် သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



A plain woman with moral beauty is more than a beautiful woman.

စိတ်ဓာတ်လှပသော သာမန်မိန်းမတစ်ယောက်သည် မိန်းမလှတစ်ယောက်ထက် ပိုမိုလှပ၏။

*Vietnamese Proverb*

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့လို လင်းလက်"

"အင်းပြော. . . ကိုရိရင့်"

"မနက်ဖြန် ရေချိုးခန်းသုံးကြွေထည်တွေ သွားကြည့်မယ် ဆိုတာလေ သွားတဲ့အချိန်ကျရင် အစ်ကို့ကို လာခေါ် လို့ရမလား"

"ဘာလို့လဲ"

သူမက မေးခွန်းထုတ်သည်။

"မနက်ဖြန် ကားမအားလို့"

"ဟောတော်. . . ကိုရဲရင့်တို့အိမ်မှာ လူသုံးယောက် ကားသုံးစီးရှိတာကို မလောက်ဘူးလား"

"ဟုတ်တယ် လင်းလက်ရဲ့ ဖေဖေကလည်း သူ့ကားက



www.burmeseclassic.com

www.burmeseclassic.com



မအားဘူး၊ မေမေကလည်း မနက်ဖြန်တစ်နေကုန် သွားစရာရှိလို့ မအားဘူး၊ အစ်ကို့ကားကကျတော့ ဘော်ဒါတစ်ကောင်ရဲ့ အမျိုးတစ်ယောက် ဆေးရုံတက်နေလို့ ငှားသွားတယ်၊ ပြန်မပို့သေးဘူး"

သူ မဟုတ်ကဟုတ်ကတွေ ပြောဖြစ်သည်။

"ဒါဆိုရင် လင်းလက်က ကိုရဲရင့်ကို လာကြိုပေးရမယ်ပေါ့"

"ဟုတ်တယ်၊ ဖြစ်တယ်မဟုတ်လား"

"လာမကြိုပါဘူး"

"အာ. . . ဘာဖြစ်လို့လဲ"

သူ ပျာပျာသလဲပင် မေးဖြစ်သည်။ မေမေ့ကို လိုက်ပို့ဖူးသည်မို့ ဒီအိမ်လိပ်စာကို သူမကောင်းကောင်းသိသည်။

"သိန်းသုံးထောင်ကိုတောင် တစ်ချိန်က သနားလို့ဆိုပြီး ပေးထားတဲ့လူကို ကြိုစရာလား၊ ပိုက်ဆံပေါ်နေတဲ့လူပဲ နောက်တစ်စီးထပ်ဝယ်စီးပေါ့"

"မညစ်ပါနဲ့ကွာ၊ လာကြိုနော် လင်းလက်"

"လာမကြိုတော့ပါဘူး၊ မနက်ဖြန် ကားမအားပေမယ့် သန်ဘက်ခါအားတယ်မဟုတ်လား၊ အရေးမှမကြီးတာ သန်ဘက်ခါမှ ကားတစ်ယောက်တစ်စီးစီနဲ့ သွားကြတာပေါ့၊ ဒါပဲနော်"

"ဟဲလို. . . ဟဲလို လင်းလက် ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်သွက်သွက် ဆိုဖြစ်သည်။

"ပြောလေ. . . ကိုရဲရင့်"

"အစ်ကိုက မနက်ဖြန်ပဲအားတာမို့လို့ပါ"

"ဪ. . . ဪ"

သူမက တမင်ရှိသည့်ပုံစံဖြင့် လေသံကို တမင်လုပ်ကာ ပြောသည်။

"လာကြိုနော်. . . လင်းလက်၊ ဒါမှမဟုတ် အစ်ကို Taxi ငှားပြီး လင်းလက်ဆီလာခဲ့ရမလား၊ အဲဒါလည်း အဆင်ပြေတာပဲ"

"ဒါဖြင့် ဒီလိုလုပ်လေ၊ မနက်ဖြန် လင်းလက်တို့အိမ်ဆီ လာခဲ့"

"ဟုတ်ပြီ. . . ဒါဆိုရင်"

"နေဦး. . . လင်းလက်ပြောတာ မဆုံးသေးဘူး၊ လင်းလက်က ကိုရဲရင့်ကို ကားငှားပေးလိုက်မယ်၊ ဟိုမှာ ကိုရဲရင့်ပဲ ကြိုက်တာရွေးခဲ့ပေါ့၊ ဒါမှမဟုတ်ရင်လည်း ဓာတ်ပုံရိုက်ယူခဲ့လေ၊ လင်းလက်ရွေးပေးမယ် မကောင်းဘူးလား"

"အာ"

သူမ၏ ညစ်ကျယ်ကျယ်စကားကြောင့် သူ စိတ်လေသွားရသည်။ တစ်ဖက်ကနေ သူမက ခပ်သဲ့သဲ့ရယ်နေသံကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ တစ်ယောက်တည်း မသွားချင်လို့လား"

"ဒါပေါ့ လင်းလက်ရဲ့ တစ်ယောက်တည်းကြ ဖျင်းစရာကြီး"

သူ ဝမ်းသာအားရမှပင် ဆိုဖြစ်သည်။

"ရတယ်လေ. . . ဒါဖြင့် မောင်လေးကို ထည့်ပေးလိုက်မယ်"

"အင်"

သူမ၏စကားကြောင့် သူ 'အင်'ခနဲ နင်သွားရသည်။ သူမကတော့ တစ်ဖက်မှနေ တခွီးခွီးရယ်ကာနေသည်။

"Taxi ငှားမလာပါနဲ့၊ အိမ်ကပဲစောင့်ပါ"

"လင်းလက် လာကြိုမှာလား"

သူ အမှတ်မရှိပင် မေးဖြစ်သည်။

"အင်း. . . မောင်လေးပဲဖြစ်မလား၊ လင်းလက်ပဲဖြစ်မလား မသိသေးဘူး၊ ဒါပဲနော် မနက် ၁၀ နာရီနော်၊ တာ့တာ"

သူမက ညစ်ကျယ်ကျယ်ဆိုကာ အနိုင်ဖြင့်ပိုင်းပြီး ဖုန်းချကာသွားသည်။ သူကတော့ ရင်တွေတုန်ရင်း ခုန်ရင်း ဖုန်းကိုကိုင်ကာ ကျန်ရစ်၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

ထူးထူးခြားခြား သူမဆီမှ စဆက်လာသောဖုန်းမို့ သူ ရင်ခုန်စွာထူးဖြစ်သည်။

"ကိုရဲရင့်"

"အင်း. . . လင်းလက် ပြော"

"အဆင်သင့်ဖြစ်ပြီလား၊ လာကြိုနေပြီနော်"

"ဟား. . . ဖြစ်ပြီ လင်းလက်၊ ဖြစ်ပြီ၊ လင်းလက် လာနေ ပြီပေါ့"

သူ ဝမ်းသာအားရပင် ဆိုဖြစ်သည်။

"ဟင့်အင်း. . . မောင်လေးကို လွှတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ"ဟု သူ စိတ်ပျက်စွာ ရေရွတ်ဖြစ်သည်။

"ဘာဖြစ်လို့လဲ"

သူမက ရယ်ကျဲကျဲလေသံဖြင့် ရိသဲ့သဲ့မေးသည်။

"ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့်လည်းပြီးရော. . . ဒါပဲနော် ဖုန်းချလိုက်တော့မယ်"

ထုံးစံအတိုင်း အနိုင်ဖြင့်ပိုင်းကာ သူမက ဖုန်းချကာသွားသည်။ သူနင်ပြီး ကျန်ရစ်ခဲ့သည်။ သူမသာ ဘေးမှာရှိနေမည်ဆိုပါက သူ ခပ်ကြမ်းကြမ်းအနမ်းဖြင့် ပြစ်ဒဏ်ပေးလိုက်ချင်သည်။

သူကတော့ ကားကို တမင်မအားချင်ယောင်ဆောင်ကာ အာကာ့ကို ယူခိုင်းထားသည်မှာ နှစ်ရက်ရှိပြီဖြစ်သည်။ အာကာက လည်း ပွစိပွစိဖြင့် ပြန်လာယူခိုင်းနေပြီဖြစ်သည်။ အခုတော့ စီစဉ်ထားသမျှ တလွဲစီဖြစ်ကုန်ပြီဖြစ်၏။

"တိ. . . တိ"

အိမ်ရှေ့မှကားသံကြောင့် မတော်ရသေးသော ယောက်ဖတော့ ရောက်ပြီဟုတွေးရင်း စိတ်မပါလက်မပါနှင့်ပင် ထွက်ခဲ့ဖြစ်သည်။

"ရော့. . . ကိုရဲရင့် မောင်း"

ရုတ်တရက် သူ ထခုန်ပစ်ချင်စိတ် ပေါက်သွားရသည်။ ကြည့်စမ်း အတော် ရွတ်နောက်နောက်နိုင်သော ကလေးမ။ သူ့ကိုယ်တိုင်လာကြိုရဲ့သားနဲ့ လူကိုလိမ်သည်။ သူမမျက်နှာမှာ ရှက်အမ်းအမ်းအမူအရာတွေ ပေါ်ကာနေသည်။

"လင်းလက်ကလည်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်းက သူဆိုဖြစ်သည်။

"ဘာလဲ"

သူမက ပြုံးစိစိဖြင့် 'ဘာလဲ'ဟု ခပ်ချွဲချွဲဆိုသည်။

"ကိုယ်တိုင်လာကြိုတယ်ဆိုရင်လည်း အမှန်အတိုင်းပြော မှပေါ့၊ ကိုယ်ကတော့ လင်းလက်မလာတော့ဘူးဆိုလို့ စိတ်ညစ်နေ တာ"

"အပိုတွေ"

သူ့စကားအဆုံးမှာ သူမကဆိုသည်။

"ဒါနဲ့ လင်းလက်ဆီကို ဖုန်းဆက်သေးတယ်၊ မနက်က"

"အင်း"

"အဲဒါ ဖုန်းက busy ပဲ ဖြစ်နေတယ်ကွာ၊ အကြာကြီးပဲ"

"အဲဒီတော့"

သူမက ကားမောင်းနေသောသူ့ကို ပြုံးစိစိဖြင့် စကား ထောက်သည်။

"စိတ်ပူတာပေါ့၊ ယောကျ်ားလေးတစ်ယောက်ယောက်နဲ့ များ ပြောနေလားဆိုပြီးတော့၊ ရင်တွေကိုပူနေတာပဲကွာ"

"ဟော့တော်. . . လင်းလက်က ကိုရဲရင့်ကို ရင်ပူပါနော် လို့ ပြောထားလို့လား၊ ဒုက္ခပါပဲ"

သူမက ရှက်ဝဲဝဲဖြင့် ဆိုသည်။

"လင်းလက် ဒီလောက်ရင်ပူနေတာ ဘာဖြစ်လို့လဲမသိဘူး နော်"

"ငရုပ်သီးတွေ၊ အပူအစပ်တွေ စားမိလို့နေမှာပေါ့"

သူမက လိုရင်းကို မသိချင်ယောင်ဆောင်ကာ ညစ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဆိုသည်။

"မသိချင်ယောင်ဆောင်နေတာလား လင်းလက်၊ လင်းလက်ကို"

"တီတီ. . . တီတီ"

အရေးထဲမှာ လင်းလက်ဖုန်းက ထမြည်လာသည်။ သူက ဖြင့် စကားတောင်မဆုံးသေး လင်းလက်က ပြောင်ချော်ချော်ဖြင့် ဖုန်းကိုကိုင်သည်။

"အေး. . . . နှင်းနှင်းပြော"

တမင်ရွဲ့သည်လားတော့မသိ သူမဖုန်းပြောနေသည်မှာ ကြွေပြားဆိုင်ရောက်တဲ့အထိပဲ ဖြစ်သည်။ သူမှာတော့ ဆန့်တငင် ငင်ကြီးဖြင့် ငေါင်စင်းစင်းကြီး ဖြစ်ကာနေသည်။

× × × ×

ဝိုး၊ မို၊ ၀၁၆၉

www.burmeseclassic.com

www.burmeseclassic.com



"မနက်ကတည်းက ကော်ဖီတစ်ခွက်နဲ့ မုန့်တစ်ခုပဲစားထားလို့ ဗိုက်ဆာနေတယ်၊ အလုပ်လည်းပြီးပြီဆိုတော့ လင်းလက်ကိုယ့်ကို တစ်ခုခုလိုက်ကျွေးပါလား"

သူ ဗိုက်မဆာသော်လည်း ဖြီးကာဖြန်းကာပင် ခွင်ဆင်ဖြစ်သည်။

"မကျွေးချင်ပါဘူး၊ ကိုရဲရင့်က ပိုက်ဆံတွေ မဟားတရားပေါတဲ့လူပဲဥစ္စာ၊ ဘာကိစ္စကျွေးရမှာလဲ"

"မပေါပါဘူး"

"ပေါပါတယ်နော်. . . ကားနောက်ဖုံးဖွင့်ပြီး ဒီသိန်းသုံးထောင်လုံး သနားလို့ ပေးလိုက်မယ်လို့ပြောပြီး ပိုက်ဆံပေါကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြွားတဲ့လူကများ"

"ဟာကွာ"

သူ့စကားကို မမေ့သေးစွာပင် ဆိုသည်။

"အခုက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ လင်းလက်နောက်ကို လိုက်လာခဲ့တာလေကွာ၊ ကိုယ့်မှာ ဖုန်းပဲပါတယ်၊ အိတ်ကပ်ထဲမှာလည်း ယာဉ်မောင်းလိုင်စင်ပဲပါတယ်၊ လုပ်ပါကွာ နောက်တော့ ကိုယ်ပြန်ကျွေးပါ့မယ်"

သူဆင်ထားသည့် ခွင်အတိုင်း ဆိုဖြစ်သည်။

"ရပါတယ်. . . ပြန်မကျွေးပါနဲ့၊ ပြန်စားမယ်ဆိုတဲ့ ဘာမျှော်လင့်ချက်မှမထားလည်း ကျွေးပါ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ပြီ"

သူ ဝမ်းသာအားရပင် ဆိုဖြစ်သည်။

"ဒါပေမယ့် လင်းလက်က ကားထဲမှာပဲထိုင်စောင့်မယ်၊ ကိုရဲရင့် အေးအေးဆေးဆေးစားပြီးမှ ထွက်လာခဲ့၊ ရော့ ငါးသိန်း လောက်တယ်မဟုတ်လား"

"ဟာ. . . ကွာ"

သူမ၏ ညစ်ကျယ်ကျယ်အဆိုကြောင့် သူစိတ်လေသွားရသည်။ သူမက ငါးထောင်တန်တစ်အုပ်ကို လှမ်းကာဖေးရင်း ညစ်ကျယ်ကျယ်ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မလောက်လို့လား၊ ထပ်ပေးရဦးမလား"

"လင်းလက်ကလည်းကွာ ကုသိုလ်ရအောင် ကိုယ်တိုင်ကိုယ်ကျကျွေးမှာပေါ့၊ လင်းလက်လည်း တစ်ခုခုစားရင်းပေါ့"

"လင်းလက်မှ ဗိုက်မဆာတာ"

သူမက ချစ်စရာကောင်းအောင် ပြောင်ချော်ချော်လုပ်ရင်းဆိုသည်။

"ဒါဖြင့် တစ်ခုခုသောက်ပေါ့"

"မေမေက အပြင်စာတွေ မစားရမသောက်ရဘူးလို့ မှာထားတယ်၊ ကျန်းမာရေးအတွက်တဲ့၊ မေမေ့စကားကို နားထောင်ရမယ်"

သူမက ထုံးစံအတိုင်း ရအောင်ရှောင်သည်။

"ရပါတယ်၊ လင်းလက် ဘာမှမစားရင် ကိုယ်လည်းမစားတော့ပါဘူး"

"နောက်တာပါ ကိုရဲရင့်ရဲ့ တစ်ခုခုသောက်ပါ့မယ်"

"လင်းလက်က တကယ်ရစ်တယ်နော်"

သူ အပျော်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

လင်းလက်က ဘာစကားမှမဆို ပြုံးလို့သာနေသည်။ သူကားကို အနီးဆုံးစားသောက်ဆိုင်ဘက် ဦးတည်ကာမောင်းခဲ့ဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com

အချစ်လား

သူက ကမောက်ကမနဲ့

အစီအစဉ်မကျဘဲ

ရင်ထဲကို ဝင်ချင်ဝင်လာတတ်တာမျိုး။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ဘာသောက်မလဲ လင်းလက်"

"ကြွက်ဆေး"

"အာ"

သူ၏အမေးကို သူမက ပြောင်ချော်ချော်ဖြေသည်။ အေးမှာရပ်နေသော စားပွဲထိုးကောင်မလေးကတော့ 'ခွိ'ခနဲရယ်သည်။

"နောက်တာပါ၊ ညီမလေး မမကို ထောပတ်သီးဖျော်ရည်တစ်ခွက်"

"ဟုတ်"

"အစ်ကိုကို ဝက်ကြေးအိုးတစ်ပွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ပြီးတော့ ရေသန့်တစ်လုံး၊ ဒါပဲ"

သူ လက်တစ်ချောင်းထောင်ကာဆိုရင်း သူမကို ကြည့်ဖြစ်သည်။

"လင်းလက် . . . လာကြိုလို့တော်သေးတာပေါ့၊ အစ်ကို့သူငယ်ချင်းကလေ ကားကို ဆက်ငှားထားပါဦးလို့ ဖုန်းဆက်ဆက်နေတာ"

"ဩော် . . . ဩော်"

သူမက 'မယုံဘူး'ဟု နှုတ်ကမပြောသော်လည်း ရိသဲ့သဲ့ဖြင့် 'ဩော် . . . ဩော်'ဟု ပြောင်ချော်ချော်ဆိုသည်။

"ဟဲ့ . . . ရဲရင့်ခေတ်သစ်"

ထိုစဉ်မှာပင် ကံဆိုးစွာနှင့် ယုယတို့နှစ်ယောက် သူတို့ဝိုင်းဆီ ရောက်လာကြသည်။ သူ့ဇာက အာပြဲကြီးနှင့် 'ရဲရင့်ခေတ်သစ်'ဟု ခေါ်သည်။ ပြီး ပြုံးစိစိကြီးတွေနှင့် သူနှင့်လင်းလက်ကို ကြည့်သည်။

"ထိုင်မယ်နော်"

ယုယက ပြောင်စိစိဖြင့် ပြောပြောဆိုဆိုထိုင်သည်။

"မိတ်ဆက်ပေးဦးလေ"

သူ့ဇာကပါ ဝင်ထိုင်ရင်းဆိုသည်။

"ဒါ . . . လင်းလက်ဝတီတဲ့၊ မေမေ့သူငယ်ချင်းရဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



လင်းလက် ဒါ သူငယ်ချင်းတွေ၊ သူက ယုယတဲ့၊ သူက သူဇာ၊ လမ်းမှာတွေ့ရင် ရအောင်ရှောင် မမြင်ချင်ယောင်ဆောင်နိုင်မှ တော်ရုံကျမယ်”

“အောင်မာမာ”

သူ့စကားကြောင့် ယုယက ရေရွတ်သည်။

“လင်းလက်လေးက အရမ်းချောတာပဲ၊ သူနဲ့သိပ်မတွဲနဲ့နော်”

“ဘာဖြစ်လို့လဲဟင်”

သူဇာ၏စကားကို သူမကမေးသည်။

“ရဲရင့်က ရုပ်ဆိုးတယ်လေ၊ ရုပ်ဆိုးတွေ ကူးလာမှာစိုးလို့ ပြောတာ”

သူဇာ့စကားကြောင့် အားလုံးရယ်ဖြစ်ကြသည်။

“နင် ဘာမှမှာမစားနဲ့၊ မကျွေးဘူး၊ ယုယ သယ်ဖျင်း စားချင်တာမှာစား၊ သယ်ဖျင်းကို ကိုယ်ကျွေးမယ်၊ ဒီဖျပုမ မပါဘူး”

သူ အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

“ဒီပုတာကိုပဲ ထိခိုက်နေတော့တာပဲ၊ ဟဲ့ ပုတော့နုတယ် တဲ့သိလား၊ ဒီလိုပါပဲ လင်းလက်ရယ်၊ အစ်မက အရမ်းချောပြီး အပြစ်ပြောစရာမရှိတော့ ဒီအရပ်ကိုပဲ ထိခိုက်နေတော့တာ သိလား”

သူဇာက အားကျမခံဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတို့က ပျော်တတ်တယ်နော်"

လင်းလက်က ပြောရင်းရယ်သည်။

"ဒါနဲ့ ရဲရင့်နင့်ကားလေ"

"ငါ့ကားက ဟိုဒင်း ဘော်ဒါတစ်ယောက် ငှားသွားတယ်လေ၊ နင်သိရဲ့သားနဲ့၊ နှစ်ရက်ရှိပြီလေ"

ယုယက ဆိုင်းမဆင့်ဗုံမဆင့် ထ၍ဆိုသောစကားကြောင့် မျက်လုံးတစ်ဖက်မှိတ်ပြရင်း သူဆိုဖြစ်သည်။

"ဘာသူငယ်ချင်းငှားတာလဲ၊ အာကာကြားရင် သတ်လိမ့်မယ်၊ နင်ပဲ အာကာရေ ငါ့ကားကို နှစ်ရက်လောက် ယူထားပေးစမ်းပါဆိုလို့ ယူထားပေးတာလေ"

"သူဇာကလည်း နောက်နေပြန်ပြီဟာ"

သူ မျက်လုံးပြူးပြရင်း သူဇာ့ကို နှုတ်ပိတ်ဖြစ်သည်။

"နောက်နေတာမဟုတ်ဘူး၊ ဟိုတလည်း သူ့အိမ်ကကားနဲ့တောင် ထားစရာနေရာမရှိတဲ့ကြားထဲ နင့်ကားကိုယူထားပေးရလို့ ပွစိပွစိလုပ်နေတယ်၊ သွားယူလိုက်ဦး၊ ကဲ ကဲ ငါတို့လည်း သွားစရာရှိတယ်၊ ငါတို့ကစားပြီးပြီ ပြန်တော့မယ်၊ ညီမလေး တာ့တာ"

"တာ့တာနော် ညီမလေး"

ယုယက ရေပက်မဝင်ဆိုရင်း 'တာ့တာ'ဟုဆိုသည်။ သူဇာကပါ 'တာ့တာ'ဟုဆိုရင်း ထရပ်သည်။ ပြီး နှစ်ယောက်သား သူ့ကို လျှာထုတ်ပြသွားကြသည်။ အချွန်ဖြင့် 'မ'ခဲ့ပြီဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



သဘော။

"ဖြည်းဖြည်းနော်. . . ဟုတ်ကဲ့"

အကုန်လုံးမြင်ကာ လိမ်ထားသမျှ အကုန်သိပြီဖြစ်သော လင်းလက်က ပြောင်ချော်ချော်ဖြင့် ပြန်နှုတ်ဆက်သည်။

"တော်တော်အားကိုးရတဲ့ သူငယ်ချင်းတွေ"

သူ ရှက်ကိုးရှက်ကန်းဖြင့် ဆိုဖြစ်သည်။

"ခင်စရာကောင်းပါတယ် ကိုရဲရင့်ရဲ့"

သူမက ညစ်ကျယ်ကျယ်ဖြင့်ဆိုသည်။

"တော်ပြီ ဒီဂျပုမတို့အုပ်စုကို သေခန်းဖြတ်ပဲ"

သူပါ ရှက်ရှက်နှင့်ရောရယ်ရင်း ဆိုဖြစ်သည်။

"အလိမ်တွေလည်းပေါ်ကုန်ပြီ၊ ဘာလဲ ကားဆီကုန်မှာစိုးလို့ သိမ်းထားတာလား၊ ပြောရောပေါ့ ကိုရဲရင့်ရယ်"

"အာ. . . မဟုတ်ဘူး"

သူ ခေါင်းကိုကုတ်ဖြစ်သည်။

"မထူးပါဘူး လင်းလက်ရယ်၊ ကိုယ်ဝန်ခံလိုက်တော့မယ်၊ ကိုယ် လင်းလက်နဲ့အတူသွားချင်လို့ အဲဒီလိုလုပ်ဖြစ်သွားတာပါ။ ထပ်ပြောရရင် လင်းလက်ကို ကိုယ်အရမ်းချစ်တယ်"

"ထောပတ်သီးဖျော်ရည် ရပါပြီရှင်"

အရေးထဲမှာ စားပွဲထိုးကောင်မလေးကတစ်မျှောင့်။ သူ့မှာ နင်ခနဲ ဆန့်တငင်ငင်ကြီးဖြစ်ကာသွားသည်။ ကောင်မလေးက

www.burmeseclassic.com

www.burmeseclassic.com



ထောပတ်သီးဖျော်ရည်ကိုချကာ ထွက်သွားသည်။ လင်းလက်က ခေါင်းကိုငုံ့ကာ ရှက်လို့နေသည်။

"လင်းလက်ကို ကိုယ်က စတွေ့တွေ့ချင်း ချစ်တယ်လို့ ပြောရင် ယုံမှာလား၊ မယုံရင် ကိုယ့်မေမေကို မေးကြည့်ပါကွာ"

"အိုး. . . ဘာကိစ္စမေးရမှာလဲ၊ ပြဿနာပဲ"

"အဲလေ. . . ဟုတ်သားပဲ၊ ကိုယ်ပြောချင်တာက လင်းလက်ကို မြင်မြင်ချင်းချစ်မိတဲ့အကြောင်း၊ လင်းလက်ကို ထပ်မတွေ့ဖြစ်ခင်ကတည်းက လင်းလက်မေမေနဲ့ ကိုယ့်မေမေ သူငယ်ချင်းတွေမှန်း မသိခင်ကတည်းက ကိုယ် မေမေ့ကို ပြောပြဖူးတယ်လေ၊ အဲဒါကိုပြောချင်တာ၊ လင်းလက်ကို ကိုယ်အရမ်း ချစ်. . . . ချစ်. . . "

"ဝက်ကြေးအိုးရပါပြီရှင်"

အရေးထဲမှာ ကြေးအိုးကတစ်မျှောင့်။

"အေး. . . ညီမလေး ချသာထားခဲ့တော့ကွာ"

သူ စိတ်ပေါက်ပေါက်ဖြင့် ရွတ်မိသည်။ သူ့ပုံစံကိုကြည့်ပြီး လင်းလက်က ခွိးခနဲရယ်သည်။

ဧကန္တ ဒီနေ့ ပြဿဒါးလားမသိ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား. . . ဟား"

သူစကားအဆုံးမှာ အားလုံးက ရယ်ကြသည်။

"နင်တို့မရယ်နဲ့၊ နင်တို့နှစ်ယောက်ကို ငါက အမှန်ကြိတ်ပြီး သတ်ချင်နေတာ၊ တစ်စစီ တစ်စစီကို နုပ်နုပ်စဉ်းပစ်ချင်တာ"

သူ သူဇာနှင့် ယုယကို ဆိုဖြစ်သည်။

"အဲဒီနေ့က ပြောလိုက်ဆိုလိုက်ရတာများ အာကာရယ် ငါ့တစ်သက် တစ်ခါမှ ဒီလောက်အရသာမရှိသေးဘူး"

သူဇာက ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"အဲဒီနေ့ကလေ ပြောပစ်ဆိုပစ်ရတာ အရသာရှိလွန်းလို့ ငါတော့ အခုထိ အိပ်လို့လည်းကောင်း၊ စားလို့လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



သိလား"

"အေးပါ. . . ငါကတော့ ထောပတ်သီးနဲ့ ကြေးအိုးပါ မကျန် ဝင်ဝင်ရှုပ်ကြလွန်းလို့ တိုင်နဲ့ခေါင်းနဲ့ကို အင်းဟာ. . . အင်းဟာနဲ့တောင် ပြေးဆောင့်ပစ်ချင်တယ်၊ တကယ်ပြောတာ"

သူ စိတ်ညစ်ညစ်ဖြင့် ရယ်ရင်းဆိုဖြစ်သည်။

"အခုအခြေအနေက ဘယ်လိုလဲ"

အာကာက ဖြတ်ရင်းမေးသည်။

"Propose လုပ်ပြီး အဖြေကို တဂျီဂျီတောင်းတဲ့အဆင့် ပေါ့ကွာ၊ သူကတော့ ငြင်းတာလည်း မဟုတ်ပေမယ့် စဉ်းစားပေး မယ်လို့တောင် မပြောသေးဘူး၊ ငါလည်း မခန့်မှန်းတတ်တော့ပါ ဘူးကွာ"

သူ စိတ်လေလေဖြင့် ဆိုဖြစ်သည်။

"ဒါပေမယ့် စိတ်မာတတ်မကျပါနဲ့၊ ငါတို့နှစ်ယောက်တောင် ပြောဖြစ်ကြသေးတယ်၊ ငါတို့မိန်းကလေးချင်း လေ့လာမိ သလောက်တော့ လင်းလက်က နင့်ကို 75 % လောက်ကျနေပြီ အေး နင့်ရဲ့ကြိုးစားမှုပေါ် မူတည်ပြီး ရာနှုန်းပြည့်လက်ခံလာမှာဝဲ"

"အဲဒီလိုပဲဖြစ်လာပါစေဟာ"

သူဇာ၏စကားအဆုံးမှာ သက်ပြင်းချရင်း သူဆိုဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# တစ်နှစ်ခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



"ဟာလို"

"ဟဲလို. . . လင်းလက် ပြောပါတော့ကွာ"

"ဟော့တော်. . . ဆိုင်းမဆင့် ဗုံမဆင့်ကြီး ဘာကိုဖြေရမှာလဲ၊ ဘာ ု လည်းမမေးဘဲနဲ့၊ ဘာကိုပြောရမှာလဲ"

"ကိုယ့်ကိုချစ်တယ်လို့ပြော"

"အောင်မယ်. . . မပြောပါဘူး၊ ဖုန်းချလိုက်တော့မယ်"

သူမက ထုံးစံအတိုင်း ညစ်ကျယ်ကျယ်ဖြင့် 'ဖုန်းချလိုက်တော့မယ်'ဟု ဆိုသည်။ ပြီး တခွိခွိရယ်သည်။

ဝို၊ မို၊ ဝ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"နေ. . . နေပါဦး လင်းလက်"

"နေပါတယ် ပြော"

"ကိုယ် လင်းလက်ကို Propose လုပ်ထားတာ တစ်နှစ်ကျော်ပြီလေ၊ အိမ်တောင်ဆောက်တာပြီးလို့ အိမ်တက်တောင်လုပ်ပြီး လူနေနေပြီ၊ ကိုယ့်ကို မညှင်းဆဲပါတော့နဲ့ကွာ၊ လင်းလက်ကို ကိုယ်အရမ်းချစ်တယ်"

"နားရှက်လာပြီ"

"အရမ်းချစ်တယ်ကွာ"

"ဟော့တော်. . . ဒုက္ခပါပဲ"

"ဖေဖေကလည်း ကလေးချီချင်ပြီတဲ့"

"အောင်မယ်. . . အဲဒါ ကျွန်မနဲ့ဘာဆိုင်လို့တုန်းရှင်ရဲ့၊ ရှင့်အဖေ ကလေးတဝကြီးချီရအောင် ကလေးငါးယောက်အမေနဲ့ ယူလိုက်ပေါ့"

"လင်းလက်ကလည်းကွာ မနောက်ပါနဲ့"

"ကိုရဲရင့်ကလည်းကွာ မနောက်ပါဘူး"

အရေးထဲ သူမက ပြောင်နေပြန်သည်။

"ကိုယ့်ကိုမချစ်ရင်လည်း မချစ်ဘူးလို့ပြောလိုက်ကွာ"

သူ စိတ်ညစ်ညစ်ဖြင့် ဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## မြရင်ဆိုက်

"တဲပါ. . . ဒီလိုလုပ် မနက်ဖြန် ၁၀ နာရီ တစ်ဆိုင်ဆိုင်မှာစောင့်နေ၊ လင်းလက်လာခဲ့မယ်၊ စောင့်နေမယ့်ဆိုင်ကို Message ပို့လိုက်၊ မကြာခင်မှာ ဖုန်းပိတ်ပြီး အိပ်တော့မလို့၊ ဒါပဲနော်"

"လင်းလက် အတည်ပြောတာနော်"

"လုံးဝအတည်"

"ချစ်တယ်လို့ပဲပြောနော်"

"ဖုန်းချလိုက်ပြီ"

နောက်ဆုံးတော့ သူမက အနိုင်ဖြင့်ပိုင်းကာ ဖုန်းချသွားသည်။ သူမှာ ပျော်လွန်းလို့ ဘာပြောရမှန်းပင် မသိတော့။

အာကာ၊ ယုယ၊ သူဇာတို့ကို လှမ်း၍ပြောဖြစ်သည်။ 'Good Luck' ဟု အားလုံးက ဆုတောင်းပေးကြသည်။

သူ သူမဆီသို့ ဆိုင်တစ်ဆိုင်၏နာမည်ကို Message ပို့ဖြစ်သည်။ သူနှင့်သူမသာသိသော ဆိုင်တစ်ဆိုင်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



Women and glass are always in danger.

မိန်းမများနှင့် ဖန်ခွက်သည် အမြဲအန္တရာယ်ရှိ၏။

*Portuguese Proverb*

× × × ×



www.burmeseclassic.com

www.burmeseclassic.com

စး၄၁

www.burmeseclassic.com

www.burmeseclassic.com



နာရီကိုကြည့်လိုက်တော့ ၁၀ နာရီထိုးရန် ဆယ့်ငါးမိနစ် ခန့်လိုသေးသည်။ ကြိုရောက်နေသူအဖို့ စောင့်ရသည့်အချိန်တို့က တစ်စက္ကန့်လျှင် တစ်စက္ကန့်ဆိုသလောက် ရှည်ကြာလွန်းနေသည် ဟု သူထင်သည်။

နာရီကို မကြာခဏကြည့်ရင်း ရှေ့မှာချထားသော အအေးကိုသောက်ရင်းဖြင့် သူ ရင်တွေပူကာနေသည်။

ဆိုင်ရှေ့ဆီသို့ ပေါ်လာသောသူတိုင်း သူမများလားဟု ကြည့်ရသည်မှာလည်း အမော။ အခုထိတော့ သူမရောက်မလာ သေး။

www.burmeseclassic.com

လက်မှနာရီကို ဘယ်နှကြိမ်မြောက်မှန်းမသိ သူငုံ့ကြည့်ဖြစ်ပြန်သည်။ နာရီများ မှားနေလားဟုတွေးရင်း ဖုန်းမှ နာရီကို ကြည့်ဖြစ်ပြန်သည်။

"ရဲရင့်"

ရှတ်တရက်ခေါ်သောအသံကြောင့် သူမော့ကြည့်ဖြစ်သည်။ ဤအသံသည် သူရင်းနှီးသောအသံတစ်ခု။ အတော်ကြီးကို ရင်းနှီးသောအသံ။

"စန္ဒာချို"

သူ့ရင် ဝုန်းခနဲလှုပ်ခတ်ကာသွားသည်။ ရည်းစားဟောင်းဖြစ်သော စန္ဒာချိုကို ပြန်တွေ့ရ၍တော့မဟုတ်။ လင်းလက်မလာခင် သူမဆက်ရှိနေမှာကိုစိုး၍ ရင်တုန်သွားခြင်းဖြစ်သည်။

စန္ဒာချိုက ကြောင်ကြည့်နေသော သူ့ဘေးမှာ လာ၍ဝင်ထိုင်သည်။ ပြီး ဆိုင်းမဆင့် ဗုံမဆင့်ပင် ဟီးခနဲငိုချသည်။

"ဟ. . . ဟ ဘာဖြစ်လို့ငိုတာလဲ"

"ငါ. . . နင့်ကိုထားခဲ့လို့ ဝဋ်လည်နေတာထင်တယ်၊ ငါ့ကို ဟိုသေဂျင်းဆိုးက ထားခဲ့ပြီလေ၊ ငါ နင့်ကိုတောင်းပန်ပါတယ်ဟာ၊ ငါ အခုသေချင်နေတယ်၊ ငါ့မှာ ကိုယ်ဝန်. . . ဝန် ရှိနေပြီဟ၊ နင်လည်း ဟိုကောင့်စိတ်ကို သိတယ်မဟုတ်လား၊ သူ ငါ့ကိုပစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီဟ"

ပြောလိုက်ငိုလိုက်ဖြင့် စန္ဒာချိုက အလုပ်တွေရှုပ်ကာနေသည်။ သူကတော့ နာရီကိုကြည့်လိုက်၊ ဆိုင်အဝင်ဝကို ကြည့်လိုက်ဖြင့် အလုပ်ရှုပ်ကာနေသည်။ စန္ဒာချိုက ငိုရင်းငိုရင်းဖြင့် မုဒ်ဝင်လာသည်ထင့်။

သူ့ရင်ထဲကို ခေါင်းကိုငှော့ကာငိုသည်။

"သူများတွေမြင်ရင် တစ်မျိုးထင်ပါ့မယ်ဟာ၊ ဒီလိုလုပ်ငါ ဟိုကောင့်ကိုရှာပြီး ပြောပေးပါ့မယ်၊ လောလောဆယ်နင်ပြန်လိုက် တော့လေ နော်"

သူ စန္ဒာချိုကို ပထုတ်ဖြစ်သည်။ စန္ဒာချို၏မျက်နှာကဖြူးယောင်သန်းကာလာသည်။ သို့သော် အိုင်းလိုင်နာလားဘာလားသူမသိသော အမဲရောင်စီးကြောင်းက မျက်ရည်စီးကြောင်းတွင်မြင်မကောင်း။

"နင်တကယ်ကူညီမှာလား ရဲရင့်"

"အေး. . . ကူညီမယ်၊ ကဲ ကဲ နင်ပြန်လိုက်တော့နော်"

ပြောပြောဆိုဆိုပင် စားပွဲပေါ်မှ တစ်ရှူးကိုယူကာ သူမမျက်နှာပေါ်မှ အမဲရောင်စီးကြောင်းကို သူသုတ်ပေးဖြစ်သည်။မသုတ်ဘဲ လွှတ်လိုက်ပြန်လျှင်လည်း ရယ်စရာကောင်းနေသည်



www.burmeseclassic.com

www.burmeseclassic.com

တိုး။

"တောက်"

စန္ဒာချိုကို မျက်ရည်သုတ်ပေးနေစဉ်မှာ ကြားရသော 'တောက်'ခေါက်သံကြောင့် သူမော့ကြည့်လိုက်တော့ လင်းလက်။ သူ ထရပ်ဖြစ်သည်။

"လ. . . လင်းလက်"

"ရှင်. . . ကျွန်မနောက် လုံးဝလိုက်မလာနဲ့နော်၊ လိုက်လာရင် ကျွန်မအဆိုးမဆိုနဲ့"

သူမက မျက်နှာကြီးနီရဲကာနေရင်း မျက်ရည်များဝဲကာ နေရင်း ဆိုကာ ချာခနဲလှည့်ထွက်သွားသည်။ ထထွက်ပြီး လိုက်ရ အောင်ကလည်း စန္ဒာချိုက ပိတ်ကာနေသည်မို့ ထွက်၍ကမရ။

မရွှေချော စန္ဒာချိုကလည်း အလိုက်ကမ်းဆိုးမသိ။ ကြောင်တောင်တောင်ဖြင့် ဆက်ထိုင်ကာနေသည်။ လင်းလက် မည်မျှ စိတ်ကြီးသည်ကို သူကောင်းကောင်းသိသည်။ ခုချက်ချင်း ကြီးတော့ ဖြေရှင်း၍ရမည့်ပုံမပေါ်။

"တောက်"

သူစိတ်တိုတိုဖြင့် တက်ကို 'တောက်'ခနဲ ခေါက်ဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"

"ဒီမှာ ရှင်ဘယ်တော့မှ ကျွန်မဆီ ဖုန်းမဆက်နဲ့၊ Message လည်းမပို့ပါနဲ့"

"လင်းလက် ကိုယ်ရှင်းပြပါရစေ"

"ကျွန်မ ရှင်မရှင်းပြလည်း နားလည်ပါတယ်၊ ရှင် ကျွန်မကို အရှက်ခွဲချင်လို့ တမင် Propose တောင်းပြီး ရှင်ချိန်းတယ်၊ ချိန်းတဲ့နေရာမှာ ရှင့်ရည်းစားကိုခေါ်ထားပြီး ပလူးပြတယ်၊ ဒါပဲ မဟုတ်လား၊ ရိုးလိုက်တာရှင်"

သူမက ဒေါကန်ကန်ဖြင့် ဆိုသည်။

"လင်းလက် ကိုယ်ရှင်းပြတာကို အရင်နားထောင်ဦး"

www.burmeseclassic.com

www.burmeseclassic.com

“ဘာမှနားမထောင်ဘူး၊ ဘာမှလာမရှင်းပြနဲ့၊ ထပ်ပြောလိုက်မယ်၊ မေမေတို့ဆီကိုလည်း ဘာမှ နားပူနားဆာမလုပ်ပါနဲ့၊ ဒီတစ်သက် ရှင်နဲ့ကျွန်မ ဘယ်တော့မှ ထပ်မတွေ့ချင်ဘူး၊ ရှင့်ကို အရမ်းမုန်းတယ် ဒါပဲ”

ဖုန်းက ချကာသွားသည်။ ထပ်ခေါ်သောအခါ ဖုန်းက ပိတ်ထားသည်။ Message များလည်း ပို့ထားသည်မှာ ဘယ်နှစောင်မှန်းမသိတော့။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ကိုအရမ်းမုန်းတယ်' ဆိုသောစကားကို သူ ထပ်ခါ ထပ်ခါကြားနေသည်။ လူငယ်ချင်းကိုစွမ်း လူကြီးများကို နားပူ နားဆာလုပ်လို့ကလည်း မကောင်း။ ဘော်ဒါများကိုသာ သူ ရင်ဖွင့် ဖြစ်သည်။

"ငါတို့ကို လင်းလက် ဖုန်းနံပါတ်ပေးဟာ၊ ငါတို့ ဝင်ဖြေရှင်းပေးကြည့်မယ်"

မျှော်လင့်ချက် သိပ်မရှိသော်လည်း 'သူဇာ' တို့ကို သူ လင်းလက်၏ ဖုန်းနံပါတ်ပေးဖြစ်သည်။ သူမစိတ်ကြီးသည်ကို သူသိနေသည်မို့ ရင်တွေက ပူကာသာနေသည်။

'အရမ်းမုန်းတယ်' တဲ့လား လင်းလက်ရယ်။

× × × ×

www.burmeseclassic.com



အပြင်သိပ်မထွက်ဖြစ်တော့သော သူ့ကို မေမေက ဇွတ်ခေါ်၍ ကားလိုက်မောင်းပေးဖြစ်သည်။ ဖြစ်နိုင်ရင်တော့ ဒီနေရာကို သူမလာချင်ပါ။ BURMESE CLASSIC

ဒီကားပါကင်မှာပဲ သူမနှင့်တွေ့ခဲ့သည်ကို၊ မေမေက တော့ စင်တာထဲကို ဝင်ကာသွားသည်။ သူကတော့ ဤစင်တာ၏ ကားပါကင်မှာ ကားမှားပြီး ပြဿနာတက်ဖူးသည့် သူမကို သတိရ ကာနေသည်။

"ဝုန်း"

ထိုစဉ်မှာပင် ကားဘေးတံခါးကို ခပ်ကြမ်းကြမ်းဖွင့်တာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးသို့ လူတစ်ယောက် ဝင်ထိုင်သည်မို့ သူလန့်သွားရသည်။

"မောင်း"

'မောင်း'ဟု ဆိုလာသူက လင်းလက်။ သူဘာကိုနားလည် ရမှန်းမသိ။

"မောင်းလေ ဘာကြောင်ကြည့်နေတာလဲ"

"လင်းလက်"

BURMESE CLASSIC

သူဘာပြောလို့ ပြောရမှန်းမသိ။ သူမက ရှက်ကိုးရှက်ကန်း ဖြင့် ရှက်အမ်းအမ်းဖြစ်ကာနေသည်။ သူ့အထင် သူဇာနှင့်ယုယတို့၏ စီမံကိန်း အောင်မြင်သွားပုံရသည်။ ဒါမှမဟုတ် မေမေနှင့် စင်တာထဲတွင် တွေ့ခဲ့သည်လား။

"မေမေနဲ့ တွေ့ခဲ့လို့လား"

"တွေ့ခဲ့တာမဟုတ်ဘူး၊ အန်တီကခေါ်လို့၊ ပြီးတော့ ယုယ တို့က ရှင်းပြလို့၊ သူဇာကလည်း သွားလိုက်ပါဆိုလို့"

"လင်းလက်ကိုယ်တိုင်ကလည်း လာချင်လို့မဟုတ်ဘူး လား"

"မလာချင်ပါဘူး၊ သူများရည်းစားကို မျက်ရည်လိုက်သုတ် ပေးတဲ့လူဆီ ဘယ်သူကလာချင်မှာလဲ"

"ကိုယ့်ကို မညှင်းဆဲပါတော့နဲ့ လင်းလက်ရယ်၊ ကိုယ့်ကို မုန်းတယ်လို့ ပြောတဲ့ လင်းလက်ရဲ့ စကားသံက အခုထိ ကိုယ့် နားထဲမှာ ကြားနေတုန်းပဲ၊ ရင်ထဲမှာ ဆို့နင့်နေတုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလုပ်ပေးရမှာလဲ"

"ချစ်တယ်လို့ပြောပေး"

BURMESE CLASSIC

"မပြောပါဘူး"

သူမက ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းငုံ့ကာဆိုသည်။ လက်ရှိအနေအထားက ကားပါကင်မှာ လူရှင်းကာနေသည်။ အခွင့်အရေးဆိုသည်က နှစ်ခါမရတတ်ဟု သူကြားဖူးသည်။

"ပြောမှာလား မပြောဘူးလား၊ မပြောရင် ဖက်ထားမှာပဲ"

ပြောပြောဆိုဆို သူ သူမကို ဆွဲဖက်ကာထားဖြစ်သည်။

"ဟိုမှာ. . . ဟိုမှာ ကိုရဲရင့်မေမေလာပြီ"

သူမက နောက်သို့ လက်ညှိုးထိုးကာ အလန့်တကြားဆိုသည်မို့ သူလှည့်ကြည့်မိသည်။ တကယ်တော့ မဟုတ်။ သူ အငိုက်မိကာသွားခြင်းဖြစ်သည်။

သူမကတော့ ကားတံခါးကိုဖွင့်ကာ ဆင်းသွားပြီဖြစ်သည်။

"ဟိတ်. . . လူလည်မကျနဲ့ လင်းလက်၊ ခဏနေဦး"

ရှေ့မှပြေးနေသော သူမနောက်ကို သူအပြေးလိုက်ခဲ့ဖြစ်သည်။

"မမြ"

ကားပါကင်၏ ထောင့်တစ်နေရာမှာ သူမကို မိသည်။ မိမိချင်း ရင်ထဲမှာ ဆွဲဖက်ကာထားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇိန်းမ . . . ယူမယ်

"လွှတ်ကွာ. . . လူတွေမြင်ရင် အထင်သေးလိမ့်မယ်၊ တစ်မျိုးမြင်လိမ့်မယ်"

"ဒါဆို ချစ်တယ်လို့ပြော၊ ပြောရင် ချက်ချင်းလွှတ်မယ်"

"ချစ်တယ်. . . ချစ်တယ်၊ လွှတ်"

ချစ်တယ်ပြောမှ လွှတ်သော နည်းသည် ရိုးတော့လည်း အတော်ရိုး၏။ သို့သော် ပေါင်းပေမယ့် ကောင်းနေဆဲမို့ အတော်ကြီးအသုံးဝင်တာကတော့ အမှန်ပဲဖြစ်သည်။ သူ သူမကို ကတိအတိုင်း လွှတ်ပေးလိုက်သည်။

သို့သော် သူမကို ဒဏ်ခတ်သည့်အနေနှင့် အနမ်းတစ်ပွင့်ကိုတော့ လူရှင်းတုန်း။ ဟုတ်ကဲ့. . . လူ. . . ရှင်း. . . တုန်း. . . ။

ပျော်ရွှင်ကြပါစေ။

ပြည့်ပိုင်မှူးအိမ်

pyaepainghmueeain@gmail.com



www.burmeseclassic.com